# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် | ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၀၅၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၁)ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၁)အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒေါက်တာ ဒေါ်သီတာဦး၊

*စာမျက်နှာ ၃ ကော်လံ ၁*❑

**ယနေ့** *ဖတ်စရာ*


NUG အကြမ်းဖက်အဖွဲ့ရဲ့ “Hit List” ဘာလဲ၊ ဘယ်လဲ — ဆောင်းပါး၊ စာ - ၆

ကာကွယ်ဆေးထိုးပြီးသားခရီးသွားများအတွက် ဩစတြေးလျ နယ်စပ်တံခါးများဖွင့်ပေးတော့မည် — နိုင်ငံတကာသတင်း၊ စာ-၁၄

# အာဏာရမ္မက်နှင့် အကြမ်းဖက်ပြည်ဖျက်သူများ

NUG အကြမ်းဖက်အဖွဲ့အစည်း၏ ရန်ကုန်တိုင်းတာဝန်ခံ မောင်ကျော် (ခ) ဖြိုးဇေယျာသော်ကို ဖော်ထုတ်ဖမ်းဆီးမိလိုက်ခြင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ထပ်မံဖြစ်ပေါ်လာဖွယ်ရှိသော အကြမ်းဖက်မှုဖြစ်စဉ်များကို ရပ်တန့်သွားစေသည်။ NUG မှ ရည်မွန်၊ ဇော်ဝေစိုး၊ လွင်ကိုလတ်တို့က စေခိုင်းသည့် အကြမ်းဖက်လုပ်ငန်း (Mission) များကို ဖြိုးဇေယျာသော် ဦးစီးသည့် Special Tesk Force (STF) နှင့် People Defence Force (PDF) အကြမ်းဖက်အဖွဲ့အစည်းတို့က မြေပြင်တွင် အကောင်အထည်ဖော်ကြခြင်းဖြစ်သည်။ မောင်ကျော် (ခ) ဖြိုးဇေယျာသော်နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့် တရားခံ ကျား/မ စုစုပေါင်း ၅၀ နှင့် လက်နက်ငယ်အတိုအရှည် ရာနှင့်ချီ၍၊ ဗုံးသီးများ၊ ဗုံးများ၊ မိုင်းများ၊ ယမ်းများ၊ သောင်းနှင့်ချီသည့် ကျည်ဆန်များ၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ၊ အကြမ်းဖက်ဖောက်ခွဲ/သတ်ဖြတ်ရေး စာရင်းများအပါအဝင် လူနှင့်လက်နက်ခဲယမ်းပမာဏမှာ ကြီးမားသည့် ပမာဏဖြစ်သည်။

မောင်ကျော် (ခ) ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရေး၊ ပြည်သူလူထုထိတ်လန့်ကြောက်ရွံ့စေရေးအတွက် ၎င်းတို့ပြုလုပ်ခဲ့သည့် လုပ်ကြံသတ်ဖြတ်မှုများ ပေါ်ထွက်လာသည်။ လက်နက်ကိုင်ဆောင်ထားခြင်း မရှိသည့် အပြစ်မဲ့ပြည်သူများ၊ ရပ်ကွက်စီမံအုပ်ချုပ်ရေး အဖွဲ့မှူး/အဖွဲ့ဝင်များကို သေနတ်များ၊ ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက် လုပ်ကြံခဲ့ကြသလို လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များကိုလည်း ပစ်ခတ်ခဲ့ကြသည့်အတွက် သေဆုံး၊ ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းအကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ၊ ပစ်ခတ်မှုများမှာ ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များဖြင့် လူမှုကွန်ရက်တွင် ပျံ့နှံ့ခဲ့သည့်အတွက် လူမှုကွန်ရက်သုံးစွဲသူများ စိတ်နှလုံးညစ်နွမ်းခဲ့ရသလို ကြောက်ရွံ့ထိတ်လန့်ခဲ့ကြရသည်။ သို့ရာတွင် အကြမ်းဖက်အားပေးသူများ၊ အစွန်းရောက်စိတ်ဓာတ်ရှိသူများကမူ ပျော်ရွှင်သည့် ဝမ်းသာသည့် မှတ်ချက်များ ဝင်ရောက်ရေးသားကြသည်ကိုလည်း တွေ့ရသည်။

NUG ၏ ရန်ကုန်တိုင်း အကြမ်းဖက်တာဝန်ခံဖြစ်သည့် မောင်ကျော် (ခ) ဖြိုးဇေယျာသော်မှာ ဥပဒေပြုအဖွဲ့အစည်းဖြစ်သည့် ပြည်သူ့လွှတ်တော်တွင် ၂၀၁၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့သူဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်၏ ယုံကြည်စိတ်ချရသူအနေဖြင့် ပြည်တွင်း ပြည်ပ ခရီးစဉ်များ၊ စည်းရုံးရေးလှုပ်ရှားမှုများတွင် အနီးကပ် လိုက်ပါခဲ့သူဖြစ်သည်။ ယင်းသို့သောသူအပါအဝင် လူများက မိမိတို့အာဏာ လက်မဲ့ဖြစ်ချိန်တွင် နိုင်ငံကို အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းသို့ ရောက်ရှိသွားစေမည့် အကြမ်းဖက်ဝါဒနှင့် အဖျက်လုပ်ရပ်များ လုပ်ဆောင်ခြင်းကတိုင်းပြည်နှင့် ပြည်သူလူထုကို ချနင်းကာ ၎င်းတို့၏ ပါတီအကျိုး၊ ပုဂ္ဂလိကအကျိုးတို့ကို ဆောင်ရွက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အာဏာရမ္မက်အတွက် ပြည်ဖျက်ကြခြင်းလည်းဖြစ်သည်။ NUG၊ CRPH၊ PDF တို့၏ အကြမ်းဖက်သတ်ဖြတ်မှုများမှာ ဝန်ထမ်းများ၊ ဆရာ ဆရာမများမှသည် ရဟန်း သံဃာများကိုပါ အလွတ်မပေးသတ်ဖြတ်လာကြပြီဖြစ်သည်။ ဓမ္မ၊ ဓမ္မဟု ဟစ်အော်နေသူများ၏ သံဃာသတ်ဖြတ်မှုများကို ကျင့်ဝတ်မဲ့သည့် အကြမ်းဖက်အားပေးမီဒီယာတို့ကလည်း မှန်ကန်တရားမျှတသယောင် ရေးသားဖုံးဖိပေးနေကြသည်။

အကြမ်းဖက်မှုဖြင့် နိုင်ငံရေး ရည်မှန်းချက်ပေါက်မြောက်အောင်မြင်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံခြား အကူအညီကိုလည်း ရရှိနိုင်မည်မဟုတ်။ ပြည်ပနိုင်ငံများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းကို အားပေးကူညီဖို့ဆိုသည်မှာ ၎င်းတို့၏ အကျိုးစီးပွားနှင့်ဆက်စပ်စဉ်းစားကြမည်သာဖြစ်ပြီး တိတ်တဆိတ် ခိုးကြောင်ခိုးဝှက်သာ ကူညီကြမှာဖြစ်သည်။ ပြည်တွင်းမှာလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းပြီးဖြစ်ရာ အားပေးမှု၊ ကူညီမှု၊ ထောက်ပံ့မှု၊ ဝန်းရံမှုတို့ပြုမိပါက ဥပဒေအရအရေးယူ အပြစ်ပေးခံကြရမည်ဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမှာ ၃ ရာခိုင်နှုန်းအောက်သို့ပင် ကျဆင်းလာပြီဖြစ်ရာ နိုင်ငံတည်ငြိမ်အေးချမ်းသည်နှင့်အမျှ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံ့စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့ကို အရှိန်အဟုန်မြှင့် လည်ပတ်ရန်ကြိုးပမ်းကြရတော့မည်ဖြစ်သည့်အလျောက် အကြမ်းဖက်သမားများ ခိုအောင်းနေသည့် နေရာများ၊ လက်နက်ခဲယမ်းသိုလှောင်မှုများအပါအဝင် အကြမ်းဖက် ကြံစည်မှု သတင်းအချက်အလက်များကို ဆိုင်ရာသို့ ပေးပို့ခြင်းဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ထမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

# နိုင်ငံတကာ၏ စီးပွားရေးပညာနှင့် စာရင်းကိုင်ပညာရပ်များ ဖြစ်ပေါ်တိုးတက်နေမှုကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာသင်ယူ၍ အသုံးချနိုင်ရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၂၃

**မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးကျင်းပသည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒီပလိုမာစာရင်းကိုင် (Diploma In Accounting- DA) (ပထမပိုင်း) သင်တန်းအမှတ်စဉ်- ၄၁ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပသည်။**





သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်း ကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကံဇော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စီးပွားရေးဘာသာရပ်နှင့် ဥပဒေဘာသာရပ်ဆိုင်ရာ သင်တန်း/ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် စာရင်းကိုင်/စာရင်းရေးပညာရပ်များကို လူအများသိရှိနားလည် အသုံးချနိုင်ပြီး နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်တည်ဆောက်နိုင်သူများ၊ စနစ်တကျ လိုက်နာကျင့်သုံးသူများ ဖြစ်လာစေရေးကို အထောက်အကူ ဖြစ်စေရန်နှင့် စာရင်းကျွမ်းကျင်သူများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန်အတွက် စာရင်းကိုင်သင်တန်းများကို ပြန်လည်ဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း။

ဒီပလိုမာ စာရင်းကိုင် သင်တန်းများကို ရန်ကုန်မြို့ မြန်မာနိုင်ငံ စာရင်းကောင်စီတွင် ၁၉၇၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိ စာရင်းကျွမ်းကျင်သူ ၄၆၀၇ ဦးကို မွေးထုတ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ နေပြည်တော်တွင် ၂၀၀၉-၂၀၁၀ ခုနှစ်မှစ၍ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုသင်တန်းသည် (၁၂) ကြိမ်မြောက် ဖြစ်ပါကြောင်း၊ DA သင်တန်းကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (Certified Public Accountant - CPA) သင်တန်း၏ ဝင်ပေါက်တစ်ခုအဖြစ် စာရင်းကျွမ်းကျင်သူများကို စာရင်းပညာရှင်များ ဖြစ်ခွင့်ရစေရန် ဆောင်ရွက်ပေးထားပါကြောင်း။

ယနေ့အချိန်အခါမှာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်နှင့် နိုင်ငံသား အားလုံး၏ အနာဂတ်အတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်ပြီး နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်နေသည့် ကာလဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးပါကြောင်း၊ နိုင်ငံတကာစာရင်းကိုင်စံများနှင့်အညီ စာရင်းများကို စနစ်တကျ ရေးသွင်းမှတ်တမ်းတင် ထိန်းသိမ်းရေး၊ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းရေးနှင့် ကောင်းမွန်သည့် အုပ်ချုပ်မှု (Good Governance)၊ သန့်ရှင်းသော အစိုးရ (Clean Government) ဖြစ်ထွန်းစေရေးတို့အတွက် အထောက်အကူပြုရန် စာရင်းပညာရှင်နှင့် စာရင်း ပညာတတ်ကျွမ်းသူများ၏ အရည်အချင်းနှင့် အရေအတွက် တိုးတက်လာရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာ၏စီးပွားရေးပညာနှင့် စာရင်းကိုင်ပညာရပ်များ ဖြစ်ပေါ်တိုးတက်နေမှုကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာသင်ယူ၍ အသုံးချနိုင်ရန် လိုအပ်ပါကြောင်း။

ယခုအချိန်သည် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက အာဆီယံ (၁၀) နိုင်ငံ စာရင်းစစ်ချုပ်ရုံးများ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် နှစ်နှစ် တာဝန်ထမ်းဆောင်နေသည့် ကာလဖြစ်ပြီး အာဆီယံစာရင်းစစ်ချုပ်ရုံးများ အဖွဲ့၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၅) နှင့်အညီ အာဆီယံဒေသတွင်း စာရင်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် အာဆီယံလက်မှတ်ရ စာရင်းပညာရှင် ဖြစ်စေရန်အတွက် ၂၀၁၄ ခုနှစ်ကစပြီး Multilateral Recognition Agreement(MRA) လက်မှတ် ရေးထိုးနိုင်ခဲ့သဖြင့် ယနေ့တွင် မြန်မာစာရင်းပညာရှင် ၄၀၀ ကျော်အား အာဆီယံလက်မှတ်ရ စာရင်းပညာရှင်များအဖြစ် မွေးထုတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာစာရင်းပညာရှင်များ၏ အခန်းကဏ္ဍသည်လည်း ကျွမ်းကျင်မှု အရည်အသွေးအရ အာဆီယံသာမက နိုင်ငံတကာအထိ အခွင့်အလမ်းများ ဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် သင်တန်းသားများအနေဖြင့် မိမိ၏အရည်အချင်းအတွက်သာမက မိမိဌာန/ အဖွဲ့အစည်းနှင့် နိုင်ငံအတွက် အကျိုးပြုနိုင်သည့် စာရင်းကျွမ်းကျင်သူများ၊ စာရင်းပညာရှင်များ ဖြစ်လာစေရန် တိုက်တွန်းအားပေးလိုပါကြောင်း မှာကြားသည်။

ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းတွင် ဝန်ကြီးဌာန/အဖွဲ့အစည်း ၁၃ ခု၏ ဦးစီးဌာန/လုပ်ငန်း ၁၇ ခုတို့မှ သင်တန်းသား ၄၄ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းချိန်ကို ရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီမှ ၉ နာရီအထိ ရုံးချိန်ပြင်ပ လုပ်ငန်းခွင်မပျက် တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၂ ရက်မှ ၂၀၂၂ ခုနှစ် ဩဂုတ် ၆ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၃-၁၁-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 2 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 3 | Injection - Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 4 | Injection - Ceftriazone 1G | 1's | 700 | KCL |
| 5 | Injection - Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 6 | Injection - Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 7 | Injection - Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 8 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 9 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 10 | Injection- Dexamethasone | Vial | 160 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

❏ *ရှေ့ဖုံးမှ*

ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ဘက်ပေါင်းစုံမှစဉ်းစား**

ဦးစွာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်တွင် ဖြစ်ပွားနေသည့် အကြမ်းဖက်၊ လုယက်၊ တိုက်ခိုက်သတ်ဖြတ်မှုများ ဖြစ်ပေါ်ရသည့် အဓိကအကြောင်းရင်းများ၊ တရားမဝင်အဖွဲ့အစည်းများဖြစ်သော NUG၊ CRPH နှင့် PDF အကြမ်းဖက်အဖွဲ့များက လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်၊ လုယက်တိုက်ခိုက်သတ်ဖြတ်ခြင်းများ ဆောင်ရွက်နေမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များမှတာဝန်ရှိသူများ ပူးပေါင်း၍ အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသူများနှင့် လက်နက်ခဲယမ်းများအား ဖော်ထုတ်ဖမ်းဆီးရမိမှု၊ ထိုသို့ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအား အသိအမှတ်ပြုမှု၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နေမှု၊ မိမိတို့အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံ

**❋ မိမိတို့အနေဖြင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပေါ်ခဲ့ခြင်းနှင့် ပြီးခဲ့သည့် အစိုးရအဖွဲ့မှ တာဝန်ရှိသူအချို့၏ အဂတိလိုက်စားခဲ့မှုများအား ဖော်ထုတ်အရေးယူဆောင်ရွက်နေမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ဦးတည်ချက် (၅) ရပ်အား အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်အတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းများဆောင်ရွက်ရာတွင် အများပြည်သူများ သိရှိနားလည် လိုက်နာနိုင်စေရေးအတွက် ဘက်ပေါင်းစုံမှစဉ်းစား၍ လေးလေးနက်နက် စဉ်းစားဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြား**

ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပေါ်ခဲ့ခြင်းနှင့် ပြီးခဲ့သည့် အစိုးရအဖွဲ့မှ တာဝန်ရှိသူအချို့၏ အဂတိလိုက်စားခဲ့မှုများအား ဖော်ထုတ်အရေးယူဆောင်ရွက်နေမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ဦးတည်ချက် (၅) ရပ်အား အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်အတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းများဆောင်ရွက်ရာတွင် အများပြည်သူများ သိရှိနားလည် လိုက်နာနိုင်စေရေးအတွက် ဘက်ပေါင်းစုံမှစဉ်းစား၍ လေးလေးနက်နက် စဉ်းစားဆောင်ရွက်ရန်လိုအပ်မှု အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပါတီနိုင်ငံရေးကင်းစင်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ပညာရေးကဏ္ဍ တိုးတက်မြင့်မားရန်အတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်အောင်ထမ်းဆောင်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၌ ဘွဲ့နှင်းသဘင်ခန်းမ အပါအဝင် သုံးနေရာ ခွဲခြား၍ ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

**၁၃၇၈၆ ဦး မွေးထုတ်ပေးနိုင်**

သင်တန်းဆင်းပွဲအခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရည်မှန်းချက် (၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသား လူငယ်များအား အဆင့်မြင့်ပညာများ သင်ကြားလေ့ကျင့်ပေးပြီး နယ်စပ်ဒေသများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)ကို တည်ထောင်ဖွင့်လှစ် သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးရေးတက္ကသိုလ် စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ မဟာပညာရေးဘွဲ့ ၁၃၁ ဦး၊ မဟာဒဿန ပညာရေးဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၁၀၉ ဦး၊ ဆရာအတတ်ပညာ ဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်း ဆရာအတတ်ပညာ ဒီပလိုမာ ၉၅၆




ဦး၊ အထူးမူလတန်း ဆရာအတတ်သင်တန်း ၄၆၁ ဦး၊ မူလတန်း ဆရာအတတ်သင်တန်း ၇၁၆၂ ဦး စုစုပေါင်း ဘွဲ့ရပညာတတ် တိုင်းရင်းသားလူငယ် ၁၃၇၈၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

တိုးတက်နေသည့် ကမ္ဘာကြီးကို အမီလိုက်နိုင်သည့်၊ ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးရာတွင် ဆရာ ဆရာမများသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ တပည့်များကို ခေတ်မီပညာရပ်များ တတ်မြောက်အောင်၊ အတွေးအခေါ်မြင့်မားအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်အတွက် ဆရာကိုယ်တိုင်က အစဉ်လေ့လာသင်ယူသူများဖြစ်ရန် လိုအပ်ကြောင်း၊ ဆရာဆိုသည်မှာ ပညာပေးဝေသူဖြစ်ပြီး ပညာရှာမှီးနေသူလည်း ဖြစ်ရန်လိုကြောင်း၊ တပည့်များ၏အကျိုးကို အစဉ်ရှေးရှုပြီး ကောင်းမွန်ရာကို လမ်းညွှန်ပြသပေးနိုင်သည့် ဆရာကောင်းများကသာ နောင်တစ်ခေတ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြမည့် အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

**အစွမ်းကုန်ကြိုးစား**

သင်တန်းဆင်း မောင်မယ်တို့အနေဖြင့် ဆရာ ဆရာမများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြတော့မည်ဖြစ်သဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးကြမည့် ခေါင်းဆောင်ငယ်များအဖြစ်လည်းကောင်း၊ စိတ်ဓာတ်ကောင်းသော၊ စည်းကမ်းကောင်းသော၊ ကျင့်ဝတ်လိုက်နာသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ်လည်းကောင်း၊ ပေးအပ်သော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရန် မှာကြားလိုကြောင်း၊ အထူးအလေးထား မှာကြားလိုသည်မှာ ဒို့တာဝန်အရေး သုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသား အားလုံး၏ စိတ်ထဲတွင် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရကိန်းအောင်းရှင်သန်နေစေရေး စည်းရုံးဆောင်ရွက်ပေးကြရန်၊ မိမိတို့၏ တပည့်ကျောင်းသားလူငယ်များကိုလည်း နိုင်ငံတော်က အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ကြိုးစား ဆောင်ရွက်ကြရန်၊ ပါတီနိုင်ငံရေးကင်းစင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ပညာရေးကဏ္ဍ တိုးတက်မြင့်မားရန်အတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရန်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က စံပြထူးချွန်ဆု၊ ဆရာအတတ်ပညာ ဘာသာထူးချွန်ဆု၊ စာပေဘာသာ ထူးချွန်ဆု(သိပ္ပံတွဲ)၊ စာပေဘာသာ ထူးချွန်ဆု (ဝိပ္ပံတွဲ) ဆုရကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စာပေဘာသာ ထူးချွန်ဆု(ဝိဇ္ဇာတွဲ)၊ တိုင်းရင်းဘာသာ၊ စာပေနှင့် ယဉ်ကျေးမှုထူးချွန်ဆု၊ ဖွံ့ဖြိုးရေးဘာသာ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူတို့ကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦးကဆရာကြီးဦးသန်းဦး၏ထူးချွန်ဆုရ ကျောင်းသူကိုလည်းကောင်း ဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။ ၎င်းနောက် အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦးက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၂၇၂ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ပြီး ဘွဲ့နှင်းသဘင်ညှော်ခန်း၌ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကား ပြောကြားသည်။

နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ကိုယ်စား ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော်များနှင့် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမနှင့် မြက်ခင်းပြင်တို့တွင် သုံးနေရာခွဲခြား၍ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ခေတ်မီစံပြကျေးရွာစီမံကိန်းကို တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း တိုးချဲ့ဆောင်ရွက်သွားရန် လျာထား

**နေပြည်တော် နိုဝင်ဘာ ၂၃**

ခေတ်မီစံပြကျေးရွာ (Smart Village) အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ခေတ်မီစံပြကျေးရွာ (Smart Village) အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ခေတ်မီစံပြ ကျေးရွာစီမံကိန်း**

အစည်းအဝေးတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်စေရေးနှင့် ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို မျှော်မှန်း၍ လူနေမှုအဆင့်အတန်းမြင့်မားပြီး စီးပွားရေးခိုင်မာအားကောင်းကာ အစိမ်းရောင် ဖွံ့ဖြိုးမှုဖြစ်စဉ်ကို အားပေးသည့်ကျေးရွာများ ထူထောင်နိုင်ရန်အတွက် ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ခေတ်မီစံပြကျေးရွာစီမံကိန်းကို ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ သွင်းအားစု၊ ငွေကြေးဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးခြင်းဖြင့် ကျေးလက်စီးပွားရေး မြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး နေချင့်စဖွယ်စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန်နှင့် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျေးရွာအသင်းအဖွဲ့များ စွမ်းဆောင်ရည်မြင့်မားလာစေခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း တိုးချဲ့ဆောင်ရွက်သွားရန် လျာထားပါကြောင်း၊ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအပြင် တက်ရောက်လာသော ဌာနအသီးသီးမှ မိမိတို့နှင့်သက်ဆိုင်သည့် အခန်းကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**အဓိကထား ဆောင်ရွက်**

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယခုစီမံကိန်းကို ဒစ်ဂျစ်တယ်နည်းပညာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတို့ ပေါင်းစပ်ပြီး လူထုအခြေပြုချဉ်းကပ်မှု နည်းလမ်းအပေါ်အခြေခံ၍ ဖွံ့ဖြိုးရေးကဏ္ဍခြောက်ခုကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေး မြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး အပါအဝင် သဘာဝပတ်ဝန်းကျင်ကာကွယ် ထိန်းသိမ်းရေးများကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းကို Pilot အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ ကျေးရွာသုံးရွာတွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

**ဝိုင်းဝန်းအကြံပြု**

ယင်းနောက် ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးစီမံကိန်းနှင့် ပတ်သက်၍ စီမံကိန်းလုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ဒေသ တည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံးတည်ဆောက်နိုင်

ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လာပြီး ပြည်သူများ၏ သတင်းပေးမှုများနှင့် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖမ်းဆီးရမိမှုများ များစွာပြုလုပ်လာနိုင်ကြောင်း၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးအကြီးဆုံးဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုအားကောင်းသည့်ဒေသများတွင် သတင်းရရှိမှု ပိုမိုမြန်ဆန်ကာ ဒေသတည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံး တည်ဆောက်နိုင်သည်ကို တွေ့ရှိရကြောင်း။

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၆/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ ဥပဒေအခြေခံသဘောတရားများကို စာတွေ့လက်တွေ့ လေ့လာနိုင်ခြင်းအားဖြင့် အရည်အသွေးများ ပိုမိုမြင့်မားလာမည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဥပဒေရေးရာဝန်ကြီးဌာန၏ စီးပွားရေးစာချုပ်စာတမ်းများဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၂၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနသည် အခြားသော ပြည်ထောင်စုဝန်ကြီးဌာနများအတွက် စီးပွားရေးစာချုပ်စာတမ်းများ ချုပ်ဆိုခြင်းဆိုင်ရာ အခြေခံသင်တန်းဖွင့်လှစ်၍ သင်တန်းတက်ရောက်ပြီးသော အရာထမ်းများမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆင့်ပွားသင်တန်းများ ပို့ချနိုင်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုသင်တန်းသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၀ တို့သည် ကိုဗစ်ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိဖြစ်ကြောင်း။

**လိုက်နာဆောင်ရွက်ရမည်**

ယခုသင်တန်းဖွင့်လှစ်ရခြင်းမှာ ဥပဒေရေးရာဝန်ကြီးဌာန၊ တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)၏ မဟာဗျူဟာရည်မှန်းချက်နှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနများမှ စာချုပ်စာတမ်းပြုစု စိစစ်ရသည့် တာဝန်ရှိသူများအနေဖြင့် စီးပွားရေးစာချုပ်စာတမ်းများပြုစုခြင်း၊ စိစစ်အကြံပြုခြင်းတို့တွင် အချိန်နှင့်တစ်ပြေးညီ အရည်အသွေး ပြည့်မီသော ဥပဒေအကြံဉာဏ်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် သဘောတူစာချုပ်များချုပ်ဆိုရာတွင် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်အမိန့်ကြော်ငြာစာ အမှတ် (၄၁/၂၀၁၈) ကို နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားကြောင်း၊ စာချုပ်များသည် တင်ဒါခေါ်ယူ၍ ဆောင်ရွက်ခြင်းဖြစ်ပါက နိုင်ငံတော်သမ္မတရုံး၏ တင်ဒါဆိုင်ရာညွှန်ကြားချက် (၁/၂၀၁၇) နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံများ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၃/၂၀၁၈) ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။



**အရည်အသွေးများ ပိုမိုမြင့်မားလာမည်**

စီးပွားရေးလုပ်ငန်း စာချုပ်များသည် လုပ်ငန်းသဘော သဘာဝအပေါ်မူတည်၍ စာချုပ်အမျိုးအစား အမျိုးမျိုးကွဲပြားနိုင်သော်လည်း အခြေခံမူဘောင် သဘောတရားများကို သိရှိနားလည်ရန် အရေးကြီးကြောင်း၊ ယခုသင်တန်းတက်ရောက်သည့် ဌာနဆိုင်ရာအရာရှိများအနေဖြင့် စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာ ဥပဒေအခြေခံသဘောတရားများကို စာတွေ့လက်တွေ့ လေ့လာနိုင်ခြင်းအားဖြင့် အရည်အသွေးများ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည် ဝင်ရောက်လာသူ အမျိုးသား ၁၈၇ ဦး၊ အမျိုးသမီး ၁၉၃ ဦး၊ စုစုပေါင်း ၃၈၀ ၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၃၇ ဦး၊ အမျိုးသမီး ၁၄ ဦး၊ စုစုပေါင်း ၅၁ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားနှစ်ဦး တို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ်၊ မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၈၈ ဦး၊ အမျိုးသမီး ၁၈၆ ဦး၊ စုစုပေါင်း ၄၇၄ ဦး တို့ကိုလည်းကောင်း အသီးသီး လက်ခံခဲ့ကြသည်။



ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# NUG အကြမ်းဖက်အဖွဲ့ရဲ့ "Hit List" ဘာလဲ၊ ဘယ်လဲ

ယခုရက်ပိုင်းအတွင်း ဆိုရှယ်မီဒီယာပေါ်မှာ Hot ဖြစ်နေတဲ့ကိစ္စတစ်ခုကတော့ NUG အကြမ်းဖက်အဖွဲ့ရဲ့ အကြမ်းဖက်သတ်ဖြတ်မယ့် အမည်စာရင်း "Hit List" ထွက်လာပြီး လက်အောက်ခံ PDF အဖွဲ့တွေကို NUG ရဲ့ ပြည်ထဲရေးဝန်ကြီးဆိုသူက တိုက်ရိုက်ညွှန်ကြားဆောင်ရွက်နေတယ်ဆိုတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီကိစ္စက နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ မီဒီယာတွေအကြားမှာ ဟိုးလေးတကျော်ကျော်ဖြစ်သွားခဲ့တာပါ။ ဒီသတင်းထွက်ပေါ်လာပြီးနောက်မှာ NUG အကြမ်းဖက်အဖွဲ့က ဆာဆာနဲ့ဇင်မာအောင်တို့က ထွက်ပေါ်နေတဲ့ "Hit List" စာရင်းက သူတို့လုပ်တာမဟုတ်ကြောင်း နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ မီဒီယာတွေကို အသည်းအသန်ဖြေရှင်းချက်ပေးနေရတာကို တွေ့ရပါတယ်။

မင်းခန့်

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ဆာဆာက NUG အဖွဲ့အနေနဲ့ အကြမ်းဖက်သတ်ဖြတ်ရမယ့် အမည်စာရင်း "Hit List" ကို ၎င်းရဲ့ မဟာမိတ် လက်အောက်ခံအကြမ်းဖက်အဖွဲ့တွေဆီကို ပေးပို့ခဲ့တယ်ဆိုတဲ့သတင်းက သတင်းမှားတွေသာ ဖြစ်တယ်ဆိုပြီး သဘောထားထုတ်ပြန်ခဲ့ပါတယ်။ နိုဝင်ဘာလ ၁၀ ရက်နေ့မှာလည်း NUG အကြမ်းဖက်အဖွဲ့က ဇင်မာအောင်ကလည်း အလားတူ ဖြေရှင်းချက်မျိုး VOA မီဒီယာကို ဘူးခံပြီး ငြင်းဆို ဖြေကြားခဲ့တာကို တွေ့ရပါတယ်။

သို့သော်လည်း ဒီလိုငြင်းဆိုနေတဲ့အချိန်မှာ "Hit List" ထဲမှာပါဝင်တဲ့ ငြိမ်းချမ်းရေးဆောင်ရွက်နေသူတစ်ဦးက နိုင်ငံတကာသံတမန်အသိုင်းအဝိုင်းဆီကို အကူအညီတောင်းထားတဲ့ စာတစ်စောင်က ထပ်မံထွက်ပေါ်လာပါတယ်။ ဒီစာထဲမှာ NUG ရဲ့ လမ်းစဉ်က နိုင်ငံတကာက စံထားတဲ့တန်ဖိုးတွေနဲ့ ဆန့်ကျင်နေတယ်ဆိုတဲ့အကြောင်း၊ NUG/PDF တွေအနေနဲ့ အောက်တိုဘာလတစ်လအတွင်းမှာတင် အပြစ်မဲ့ပြည်သူ ၁၈၈ ဦးကို သတ်ဖြတ်ခဲ့ကြကြောင်း၊ ယခုအချိန်အထိသတ်ဖြတ်ခံရတဲ့ အပြစ်မဲ့ပြည်သူ ၆၀၀ ကျော်ပြီဖြစ်ကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မကောင်းဆိုးဝါးဖြစ်လာနေတဲ့ NUG/PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရပ်တန့်ပေးနိုင်ဖို့ စိတ်ဓာတ်နဲ့ နိုင်ငံရေးဩဇာအာဏာရှိပါကြောင်း၊ ဒီ "Hit List" မှာ စစ်တပ်ကို ထောက်ပံ့ပေးနေတယ်လို့ NUG အနေနဲ့ ယူဆထားတဲ့ စီးပွားရေးသမားတွေ၊ နိုင်ငံရေးသမားတွေ၊ အနုပညာရှင်တွေအပြင်၊ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ပညာရှင်တွေပါ ပါဝင်နေကြောင်း၊ ပြည်သူ့ပါတီမှ ဦးကိုကိုကြီး၊ မွန်ညီညွတ်ရေးပါတီက ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌဟောင်း ဒေါက်တာအောင်နိုင်ဦးနဲ့ ပါတီဝင်တွေကိုလည်း အကြိမ်ပေါင်းများစွာ အကြမ်းဖက်ခြိမ်းခြောက်မှုတွေ ပြုလုပ်နေကြောင်း။

**ပစ်မှတ်ထားသတ်ဖြတ်သည့် ပုံစံ(၃)မျိုး**

**၎င်းတို့က ဘက်မလိုက်သူ (ကြားနေ) မှန်သမျှကို ခြိမ်းခြောက်သတ်ဖြတ်နေကြကြောင်း၊ အကြမ်းဖက် NUG အဖွဲ့တွင် ပစ်မှတ်ထားသတ်ဖြတ်သည့် ပုံစံ (၃)မျိုးရှိကြောင်း၊ ပထမတစ်မျိုးမှာ NUG က တိုက်ရိုက်ထိန်းချုပ်စေခိုင်းခြင်းဖြစ်ကြောင်း၊ ဒုတိယတစ်မျိုးမှာ လိုအပ်တဲ့သတင်းအချက်အလက်တွေနဲ့ လိုအပ်တဲ့အုပ်ချုပ်ထောက်ပံ့မှုကို NUG က စီစဉ်ပေးပြီး ၎င်းတို့နဲ့ ဆက်စပ်အဖွဲ့တွေက ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တတိယတစ်မျိုးကတော့ ဒေသအလိုက် PDF တွေက ဆောင်ရွက်နေခြင်းဖြစ်ပြီး NUG မှ လွှင်ကိုလတ်(တရားခံပြေး) က ကြိုးကိုင်နေကြောင်းနဲ့ ၎င်းအနေနဲ့ PDF အဖွဲ့ ၆၀ ကျော်နဲ့ အွန်လိုင်းတွေ့ဆုံပွဲလုပ်နေတဲ့ အထောက်အထားဓာတ်ပုံကိုပါ တွဲဖက်ပြီး ပေးပို့ပါကြောင်း စသဖြင့် ဖော်ထုတ်ရေးသားထားပြီး နိုင်ငံတကာသံတမန်အသိုင်းအဝိုင်းကို အကူအညီတောင်းခံခဲ့တာကို တွေ့ရပါတယ်။**

NUG အကြမ်းဖက်အဖွဲ့အနေနဲ့ ဖြောင်လိမ်နေပေမယ့်လည်း ဒီလိုနိုင်ငံရေးနဲ့ သံတမန်အသိုင်းအဝိုင်းကို ရောက်ရှိခဲ့တဲ့ "Hit List" ဆိုတာက အမှန်တကယ်ရှိနေတာဖြစ်လို့ NUG ကို ထိတွေ့ဆက်ဆံပြီး ထောက်ပံ့ပေးနေတဲ့ အချို့နိုင်ငံတကာအသိုင်းအဝိုင်းက သတိပြုမိလာပြီး သူတို့အကြမ်းဖက်

**❒ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမဆို မိဘတိုင်း သားသမီးတွေကို ပညာတတ်ကြီးတွေ ဖြစ်စေချင်ကြပါတယ်။ NUG/PDF အကြမ်းဖက်အဖွဲ့တွေက ကလေးတွေ ကျောင်းသွားလို့မရအောင် အကြမ်းဖက်နေကြတာက မိဘတိုင်းရဲ့ မျှော်လင့်ချက်တွေ ကို ရိုက်ချိုးနေတာဖြစ်ပါတယ်။ ပညာရေးကဏ္ဍကို အကြမ်းဖက်တာက တိုင်းပြည်ရဲ့ အနာဂတ်ကို ဖျက်ဆီးနေတာဖြစ်ပါတယ်။ ဒီလိုတိုင်းပြည်ရဲ့အနာဂတ်ကို ဖျက်ဆီးဖို့စီစဉ်စေခိုင်းသူတွေဟာ နိုင်ငံရေးအတ္တကြီးနေတဲ့ ဝရမ်းပြေး NUG အဖွဲ့ကဖြစ်ပြီး လက်တွေ့လုပ်ဆောင်နေသူတွေက အစွန်းရောက် NLD ပါတီဝင်နဲ့ အကြမ်းဖက်သမား PDF တွေဖြစ်တယ်ဆိုတာ ဘယ်လိုမှငြင်းလို့မရတဲ့သက်သေတွေ အခိုင်အမာရှိနေပါတယ်**

**❒ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ယဉ်ကျေးမှုနဲ့ ယုံကြည်ကိုးကွယ်မှုအရ အနန္တောအနန္တဂိုဏ်းဝင်ဖြစ်တဲ့ ရဟန်းသံဃာတော်နဲ့ ဆရာ ဆရာမတွေကို ရန်ငြိုးရန်စမရှိဘဲ လုပ်ကြံသတ်ဖြတ်မှုတွေ ကျူးလွန်နေတာက NUG/PDF နဲ့ အစွန်းရောက် NLD ထောက်ခံသူတွေဟာ လူမဆန်တဲ့အကြမ်းဖက်သမားတွေ ဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြဆိုနေပါတယ်။ သံဃာတော်တွေနဲ့ ဆရာ ဆရာမတွေကို အကြောင်းမဲ့ သတ်ဖြတ်တဲ့ကိစ္စက အင်မတန်မှ ယုတ်မာရိုင်းစိုင်းလှပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းသာမက ကမ္ဘာ့လူ့အဖွဲ့အစည်းမှာပါ ဘယ်လိုမှ လက်ခံလို့မရနိုင်တဲ့ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်လုပ်ရပ်တွေဖြစ်ပါတယ်**




လုပ်ရပ်တွေ မဖုံးနိုင်မဖိနိုင်ဖြစ်လာရတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်လည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်မှာတောင် ယခုဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေရပ်တန့်ဖို့နဲ့ အရပ်သားတွေရဲ့လုံခြုံရေးသေချာအောင် ဆောင်ရွက်ဖို့ တာဝန်ရှိသူတွေကို တိုက်တွန်းထားတဲ့အချက်တွေ ပါဝင်လာတာကို တွေ့ရပါတယ်။ NUG/PDF တွေရဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လက်မခံနိုင်ကြတော့တာကြောင့် ၎င်းတို့ကို ထိတွေ့ဆက်ဆံနေကြတဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက ဒီ "Hit List" အကြောင်းကို ထုတ်ဖော်သတိပေးလာကြတာ ဖြစ်ပါတယ်။

**အကြမ်းဖက်မှုတွေကျူးလွန်နေ**

NUG အဖွဲ့ရဲ့အကြမ်းဖက်သတ်ဖြတ်မယ့် "Hit List" သတင်း online ပေါ်မှာ ပျံ့နှံ့နေပြီး တကယ့်လက်တွေ့မှာလည်း အကြမ်းဖက် NUG/ PDF အဖွဲ့တွေအနေနဲ့ ရပ်ပိုင်းဆိုင်ရာအရကော စိတ်ဓာတ်ပိုင်းဆိုင်ရာအရပါ အကြမ်းဖက်မှုတွေကျူးလွန်နေကြောင်းကို ပြည်သူလူထုရဲ့ နေ့စဉ်လူမှုဘဝမှာ ထင်ရှားစွာမြင်တွေ့ကြားသိနေရပါတယ်။ အပြစ်မဲ့ပြည်သူတွေနဲ့ သံဃာတော်တွေကို ဒလန်လို့စွပ်စွဲသတ်ဖြတ်နေမှုတွေ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေကို အကြောင်းမဲ့သတ်ဖြတ်နေမှုတွေ၊ ကျောင်းဆရာ ဆရာမနဲ့ ပညာရေးဝန်ထမ်းတွေကို ရက်ရက်စက်စက် မိသားစုလိုက်လုပ်ကြံသတ်ဖြတ်မှုတွေ၊ အရပ်ဘက်ပစ်မှတ်တွေနဲ့ စာသင်ကျောင်းတွေကို ဗုံးခွဲတိုက်ခိုက်နေမှုတွေ၊ ကိုဗစ်ရောဂါ ကာကွယ်၊ တားဆီး၊ တိုက်ဖျက်ရေးဆောင်ရွက်နေတဲ့နေရာတွေကို အကြမ်းဖက်ခဲ့ကြတာတွေ၊ လူနေအိမ်တွေကို မီးရှို့ဖျက်ဆီးနေကြတဲ့ကိစ္စတွေကို NUG က မွေးဖွားခဲ့တဲ့ PDF နဲ့အစွန်းရောက် NLD ထောက်ခံသူတွေက နေ့စဉ်လုပ်ဆောင်နေကြတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

အဆိုးဆုံးကတော့ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြတဲ့ မြန်မာနိုင်ငံလို လူ့အဖွဲ့အစည်းမှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား အနန္တောအနန္တဂိုဏ်းဝင် သံဃာတော်တွေကို ဒလန်လို့စွပ်စွဲပြီး သတ်ဖြတ်နေကြတာနဲ့ အပြစ်မဲ့ဆရာ ဆရာမတွေကို သတ်ဖြတ်နေကြတာက လောကီရေးအရရော လောကုတ္တရာအရပါ ဘယ်လိုမှလက်ခံလို့မရတဲ့ အကြမ်းဖက်မှုတွေဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် မေလ ၃ ရက်နေ့ကနေ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ အကြမ်းဖက်သတ်ဖြတ်ခံရတဲ့ သံဃာတော် ၁၂ ပါးနဲ့ ပြင်းထန်စွာဒဏ်ရာရရှိခဲ့တဲ့ သံဃာ ၁၃ ပါး ရှိပြီဖြစ်ပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံအဖြစ် ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုထားရတဲ့ မြန်မာနိုင်ငံမှာ ရဟန်းသံဃာတော်တွေကို ယခုလို သတ်ဖြတ်မှုတွေဟာ ဘာသာသာသနာအတွက် အလွန်အန္တရာယ်ကြီးမားပြီး ဗုဒ္ဓဘာသာဝင်တိုင်းအတွက် ဝမ်းနည်းစိတ်မကောင်းစရာ ဖြစ်ရပ်ဆိုးကြီးတွေဖြစ်ပါတယ်။

**ပညာရေးကဏ္ဍကို အကြမ်းဖက်တိုက်ခိုက်ခြင်း**

အလားတူ နောက်ထပ်စိတ်မကောင်းစရာဖြစ်ရပ်တွေကတော့ ပညာရေးကဏ္ဍကို အကြမ်းဖက်တိုက်ခိုက်ခြင်းဖြစ်ပါတယ်။ NUG အဖွဲ့ရဲ့ စီစဉ်စေခိုင်းမှုအရ အကြမ်းဖက်သမားတွေဟာ ပညာရေးဝန်ထမ်းတွေ CDM လှုပ်ရှားမှုမှာ ပါဝင်လာအောင် Social Punishment အမည်တပ်ပြီး လူမှုရေးအရ အသရေဖျက် အနိုင်ကျင့်ခဲ့ကြပါတယ်။ ကျောင်းတွေပြန်ဖွင့်ချိန်မှာလည်း ကလေးငယ်တွေ စာမသင်ကြားနိုင်အောင် စာသင်ကျောင်းတွေကို မိုင်းတွေ၊ လက်ပစ်ဗုံးတွေနဲ့ ဖောက်ခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတွေကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့ကြပါတယ်။ CDM မလုပ်ဘဲ ဂုဏ်သိက္ခာပြည့်ဝစွာနဲ့ ဆရာ့ကျင့်ဝတ်တွေနဲ့အညီ တာဝန်ကျေပွန်စွာ ပညာသင်ကြားပေးနေကြတဲ့ အပြစ်မဲ့ဆရာ ဆရာမတွေကိုလည်း ဘာရန်ငြိုးရန်စမှမရှိဘဲ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့ကြပါတယ်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးက စာသင်ကျောင်းတွေကို ဗုံးခွဲမီးရှို့ တိုက်ခိုက်မှု ၄၄၄ ကြိမ်ရှိပြီး အကြမ်းဖက် သတ်ဖြတ်ခံရသည့် ဆရာ ဆရာမသေဆုံးသူ ခုနစ်ဦး၊ ဒဏ်ရာရ ၁၃ ဦးနဲ့ ပညာရေးဝန်ထမ်းသေဆုံး သူ ငါးဦး၊ ဒဏ်ရာရ နှစ်ဦး စုစုပေါင်း ၂၇ ဦး ရှိပါတယ်။

**ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမဆို မိဘတိုင်း သားသမီးတွေကို ပညာတတ်ကြီးတွေ ဖြစ်စေချင်ကြပါတယ်။ NUG / PDF အကြမ်းဖက်အဖွဲ့တွေက ကလေးတွေ ကျောင်းသွားလို့မရအောင် အကြမ်းဖက်နေကြတာက မိဘတိုင်းရဲ့မျှော်လင့်ချက်တွေကို ရိုက်ချိုးနေတာဖြစ်ပါတယ်။ ပညာရေးကဏ္ဍကို အကြမ်းဖက်တာက တိုင်းပြည်ရဲ့**

*စာမျက်နှာ ၇ သို့*

**“NUG/PDF ဆိုတာ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံ၊ ဘယ်လူ့အဖွဲ့အစည်းကမှ လက်မခံနိုင်တဲ့ အကြမ်းဖက်ဝါဒ (Terrorism) ကို ကိုင်စွဲဆောင်ရွက်နေတဲ့ အကြမ်းဖက်အဖွဲ့တွေဖြစ်တယ်ဆိုတာ သူတို့ကိုယ်တိုင်ပြောကြားချက်တွေ၊ နေ့စဉ်အကြမ်းဖက်မှုတွေနဲ့ ယခုတလောခေတ်စားနေတဲ့ “Hit List” ဆိုတဲ့ ငြင်းမရနိုင်တဲ့ အထောက်အထားတွေက ထပ်ဆင့်သက်သေညွှန်းဆို ပြသနေပါတယ်။ ဒီလို NUG/ PDF ရဲ့ “ငါနဲ့မတူ ငါ့ရန်သူ” ဆိုပြီး အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေတဲ့ နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်ဝါဒကို မြန်မာနိုင်ငံမှာသာမက ဒေသတွင်းနဲ့ နိုင်ငံတကာမှာပါ ခြေကုပ်မယူနိုင်ရေးက အလွန်အရေးကြီးပါတယ်”**

*စာမျက်နှာ ၆ မှ*

အနာဂတ်ကို ဖျက်ဆီးနေတာဖြစ်ပါတယ်။ ဒီလိုတိုင်းပြည်ရဲ့အနာဂတ်ကို ဖျက်ဆီးဖို့စီစဉ်စေခိုင်းသူတွေဟာ နိုင်ငံရေးအတ္တကြီးနေတဲ့ ဝရမ်းပြေး NUG အဖွဲ့ကဖြစ်ပြီး လက်တွေ့လုပ်ဆောင်နေသူတွေက အစွန်းရောက် NLD ပါတီဝင်နဲ့ အကြမ်းဖက်သမား PDF တွေဖြစ်တယ်ဆိုတာ ဘယ်လိုမှငြင်းလို့မရတဲ့သက်သေတွေ အခိုင်အမာရှိနေပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုနဲ့ ယုံကြည်ကိုးကွယ်မှုအရ အနန္တောအနန္တဂိုဏ်းဝင်ဖြစ်တဲ့ ရဟန်းသံဃာတော်နဲ့ ဆရာ ဆရာမတွေကို ရန်ငြိုးရန်စမရှိဘဲ လုပ်ကြံသတ်ဖြတ်မှုတွေ ကျူးလွန်နေတာက NUG/ PDF နဲ့ အစွန်းရောက် NLD ထောက်ခံသူတွေဟာ လူမဆန်တဲ့အကြမ်းဖက်သမားတွေဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြဆိုနေပါတယ်။ သံဃာတော်တွေနဲ့ ဆရာ ဆရာမတွေကို အကြောင်းမဲ့သတ်ဖြတ်တဲ့ကိစ္စက အင်မတန်မှ ယုတ်မာရိုင်းစိုင်းလှပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းသာမက ကမ္ဘာ့လူ့အဖွဲ့အစည်းမှာပါ ဘယ်လိုမှလက်ခံလို့မရနိုင်တဲ့ နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်လုပ်ရပ်တွေဖြစ်ပါတယ်။

**အစုလိုက်အပြုံလိုက်သတ်ဖြတ်ဖို့ကြိုးစား**

ဒါ့အပြင် NUG/ PDF တွေအနေနဲ့ ကမ္ဘာ့အကြမ်းဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ အယ်လ်ခိုင်ဒါ (Al-Qaeda)နဲ့အိုင်းစစ် (ISIS) တို့နည်းတူ လူတွေကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ဖို့ ကြိုးစားခဲ့ကြတဲ့ လုပ်ရပ်တွေလည်း ရှိပါတယ်။ ၂၀၂၁ ခုနှစ်ဩဂုတ်လ ၁၂ ရက်နေ့မှာ အကြမ်းဖက်သမားတွေက AIR KBZ က ပြည်တွင်းခရီးစဉ် ပြေးဆွဲလျက်ရှိတဲ့ ATR-72-600 အမျိုးအစား လေယာဉ်အမှတ် (XY-AMP)၊ (XY-AMN)၊ (XY-AMO) လေယာဉ်သုံးစင်းရဲ့ Pitot Tube တွေထဲမှာ သစ်ရွက်စိမ်း၊ သစ်ရွက်ခြောက်တွေ ထည့်ပြီး လေယာဉ်ပျက်ကျအောင် ဆောင်ရွက်ခဲ့ကြပါတယ်။ တာဝန်ရှိသူတွေက အချိန်မီ စစ်ဆေးတားဆီးနိုင်ခဲ့လို့ ခရီးသည်တွေ အစုလိုက်အပြုံလိုက် သေဆုံးမယ့်ဘေးကနေ ကံကောင်းစွာ လွတ်မြောက်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာလည်း PDF အကြမ်းဖက်အဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဆင်မလိုက်မှတ်တိုင်အနီးမှာ YBS 20 ခရီးသည်




ယာဉ်တစ်စီးကို ဖောက်ခွဲမီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။ ခရီးသည်တွေကို ကံကောင်းစွာနဲ့ ဘေးလွတ်ရာ အချိန်မီ ရွှေ့ပြောင်းနိုင်ခဲ့ပါတယ်။

**သက်သေအထောက်အထားများ**

NUG အကြမ်းဖက်အဖွဲ့အနေနဲ့ လက်တွေ့ရုပ်ပိုင်းဆိုင်ရာအရသာမက စိတ်ပိုင်းဆိုင်ရာအရပါ အကြမ်းဖက်ဝါဒကို ကိုင်စွဲထားကြောင်း အကြမ်းဖက် NUG အဖွဲ့က ဝရမ်းပြေးပုဂ္ဂိုလ်တချို့နဲ့ NLD အမာခံလော်ဘီတွေ ဆောင်ရွက်ခဲ့ကြတဲ့ သက်သေအထောက်အထားများစွာလည်း ရှိနေပါတယ်။ NUG အကြမ်းဖက်အဖွဲ့က ဆာဆာအနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ အမေရိကန်နိုင်ငံသားတစ်ဦးရဲ့ အွန်လိုင်းအကြမ်းဖက်သင်တန်းမှာ တက်ရောက်အားပေးစကားပြောကြားခဲ့ပါတယ်။ အဲဒီသင်တန်းမှာ လက်လုပ်သေနတ်၊ လက်လုပ်ဗုံးပြုလုပ်နည်းတွေ၊ အကြမ်းဖက်ဖောက်ခွဲနည်းတွေနဲ့ အစွန်းရောက်အတွေးအခေါ်တွေကို သင်ကြားပေးခဲ့တာဖြစ်ကြောင်းကို လွတ်လပ်တဲ့ အင်တာနက်မီဒီယာတစ်ခုဖြစ်တဲ့ New Naratif က စက်တင်ဘာလ ၉ ရက်နေ့မှာ ဖော်ထုတ်ရေးသားခဲ့ပါတယ်။

အမေရိကန်နိုင်ငံအနေနဲ့ ၉/၁၁ ဖြစ်စဉ် အကြမ်းဖက်တိုက်ခိုက်ခံရအပြီး ကမ္ဘာမှာ အစွန်းရောက်အကြမ်းဖက်သမားတွေ၊ အကြမ်းဖက်မှုနည်းလမ်းတွေ မပြန့်ပွားစေရေး ဒီလိုတရားမဝင်လက်နက်ပြုလုပ်နည်းတွေကို တားဆီးထိန်းချုပ်ဖို့ အကြမ်းဖက်မှုတားဆီးရေးဥပဒေများစွာနဲ့ ပြဋ္ဌာန်းကာကွယ်ထားပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးမဟာဗျူဟာတွေ ချမှတ်ထားပါတယ်။ ဒီလိုနိုင်ငံတကာက လက်မခံတဲ့ဆောင်ရွက်ချက်တွေကို New Naratif က ဖော်ထုတ်ရေးသားလို့ NUG အကြမ်းဖက်အဖွဲ့က ဆာဆာက ထိုသတင်းဌာနကို တရားစွဲမယ်လို့ ခြိမ်းခြောက်ခဲ့ပါသေးတယ်။ ဆိုလိုတာက ယခုပေါ်ထွက်နေတဲ့ “Hit List” ကိစ္စလိုမျိုးပဲ NUG/PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေရဲ့ သက်သေအထောက်အထားတွေအဖြစ် နိုင်ငံတကာက သိရှိသွားမှာ စိုးရိမ်ပြီး အကြောက်အကန်ငြင်းဆိုခဲ့ရတဲ့ သာဓကတွေ ဖြစ်ပါတယ်။

NUG အကြမ်းဖက်အဖွဲ့က ဇော်ဝေစိုးအနေနဲ့လည်း ၎င်းရဲ့မိတ်ဖက်ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံတဲ့ Zoom Meeting တစ်ခုမှာ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ဖို့ ညွှန်ကြားထားတဲ့ အစီအစဉ်တွေကို ၂၀၂၁ ခုနှစ် ဇွန်လ ၇ ရက်နေ့က ဖော်ထုတ်ပြောကြားခဲ့တာမှတ်မိကြမယ်ထင်ပါတယ်။ အိတ်သေးသေးလေးတွေနဲ့ သယ်လာတာကို ဖွင့်မကြည့်မိဖို့လိုကြောင်း၊ ဖွင့်ကြည့်ရင် ကိစ္စတုံးသွားနိုင်ကြောင်း၊ အစားအစာတွေမှာလည်း အဆိပ်ခတ်ထားကြောင်းစသည်ဖြင့် အကြမ်းဖက်မှုဆောင်ရွက်ဖို့အတွက် ညွှန်ကြားထားတဲ့ အချက်အလက်တွေကို ဖွင့်ဟပြောကြားခဲ့တာကို တွေ့ရှိရပါတယ်။ ဖျောက်ဖျက်လို့မရတဲ့ ဗီဒီယိုမှတ်တမ်းတွေ အတိအကျရှိပါတယ်။

NUG/ PDF ရဲ့ အကြမ်းဖက်လုပ်ငန်းတွေအတွက် လော်ဘီလုပ်ပေးနေသူဖြစ်တဲ့ ယခင် NLD ပါတီမှာ သုတေသန တာဝန်ထမ်းဆောင်ခဲ့သူ ဝရမ်းပြေး မျိုးရန်နောင်သိန်းအနေနဲ့လည်း မိဘပြည်သူတွေရဲ့ သားသမီးတွေကို ကျောင်းမပို့ကြဖို့နဲ့ ကျောင်းပို့ရင် ခြေပြတ်/ လက်ပြတ်ဖြစ်သွားနိုင်ကြောင်း၊ အသက်သေဆုံးနိုင်ကြောင်း ခြိမ်းခြောက်တဲ့အစွန်းရောက် အကြမ်းဖက်လှုံ့ဆော်မှုတွေကို ဆိုရှယ်မီဒီယာများကတစ်ဆင့် ပြောင်ပြောင်တင်းတင်း ပြောဆိုခဲ့ပါတယ်။

**ငြင်းမရတဲ့ နုတ်ထွက်စကားတွေ**

ဆိုရှယ်မီဒီယာတွေပေါ်မှာ အလားတူ ရေးသားပြောဆိုနေကြတဲ့ အခြားသောအစွန်းရောက်လော်ဘီတွေ၊ အကြမ်းဖက် NUG အဖွဲ့ဝင်တွေ၊ အမည်အမျိုးမျိုးနဲ့ ဖွဲ့စည်းထားတဲ့ PDF အဖွဲ့တွေကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုး **ဆာဆာ၊ ဇော်ဝေစိုးနဲ့ NUG/ PDF လော်ဘီတွေရဲ့ လုပ်ဆောင်၊ ပြောကြားချက်တွေဟာ လုပ်ကြံဖန်တီးထားတဲ့ အချက်တွေမဟုတ်ဘဲ အများပြည်သူအကြားမှာ ပျံ့နှံ့နေပြီး အလွယ်တကူရရှိနိုင်တဲ့ အထောက်အထားတွေဖြစ်ပါတယ်။ ငြင်းမရတဲ့ နုတ်ထွက်စကားတွေဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတချို့က NUG/ PDF ကို တရားဝင်အသိအမှတ် မပြုပေမယ့်လည်း ဒီလိုအကြမ်းဖက်သမားတွေကို သူတို့ရဲ့ နိုင်ငံတွေမှာ လက်ခံထားတာတွေ၊ထိတွေ့ဆက်ဆံနေတာတွေက အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်မှုတွေကို အားပေးနေတာလားလို့ မေးခွန်းထုတ်ရမလိုဖြစ်နေပါတယ်။ ISIS၊ Al-Qaeda နဲ့ Hezbollah လို အကြမ်းဖက်အဖွဲ့အစည်းတွေ မြန်မာနိုင်ငံနဲ့ ဒေသတွင်းမှာ ထပ်ပြီးမွေးထုတ်ပေးနေတာလားဆိုတာ သံသယဖြစ်ဖွယ်ရှိပါတယ်။**

အထူးသဖြင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုတဲ့ အပြစ်မဲ့ပြည်သူတွေကို “ငါနဲ့မတူ ငါ့ရန်သူ အယူအဆနဲ့” အကြမ်းဖက်လုပ်ကြံသတ်ဖြတ်နေတဲ့ ဝရမ်းပြေး NUG အဖွဲ့ဝင်တွေကို ထိတွေ့ဆက်ဆံနေကြတဲ့ နိုင်ငံတချို့နဲ့ နိုင်ငံတကာအဖွဲ့တွေအနေနဲ့ NUG အဖွဲ့က အကြမ်းဖက်လမ်းစဉ်နဲ့ နိုင်ငံရေးရည်မှန်းချက်ရဖို့ လုပ်နေတာကို သိရှိနားလည်ပြီး ဝိုင်းဝန်းရှုတ်ချတားဆီးကြဖို့ တိုက်တွန်းလိုပါတယ်။

ဒီလိုအစွန်းရောက်အကြမ်းဖက်မှု အားပေးနေတဲ့ကိစ္စတွေကို Facebook ဆိုတဲ့ဆိုရှယ်မီဒီယာရဲ့ပေါ်လစီနဲ့ နည်းပညာကလည်း လျစ်လျူ




ရှုထားလို့ အကြမ်းဖက်မှုတွေ၊ အစွန်းရောက်မှုတွေ မြင့်တက်လာနေတဲ့အကြောင်း နိုင်ငံတကာမှာ ဖော်ထုတ်ဝေဖန်မှုတွေရှိနေသလိုပဲ တစ်ဖက်မှာလည်း **အခုလို NUG၊ PDF နဲ့ NLD အစွန်းရောက်ပြည်ဖျက်သမားတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လျစ်လျူရှုပြီး အကြမ်းဖက်ကြောင်း သိပါလျက် နှုတ်ဆိတ်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းကြီးတွေနဲ့ ဒီမိုကရေစီလက်ခံကျင့်သုံးနေကြတဲ့ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးသားတွေ၊ အစိုးရတွေကိုလည်း စာရေးသူအနေနဲ့ ဘာအတွက်ကြောင့် အကြမ်းဖက်မှုတစ်စုံတစ်ရာအတွက် မှတ်ချက်ပေးဖို့၊ ရှုတ်ချဖို့၊ တားမြစ်ဖို့ လက်တွန့်နေတာကို အံ့ဩဘနန်းဖြစ်ရသလို ဒီမိုကရေစီလက်ခံကျင့်သုံးနေတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့လည်း စိတ်မကောင်းဖြစ်မိပါတယ်။**

**Hit List ဘာလဲ ဘယ်လဲ**

NUG/ PDF အကြမ်းဖက်အဖွဲ့တွေရဲ့ နိစ္စဓူဝဆောင်ရွက်နေကြတဲ့ အကြမ်းဖက်မှုတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ဖို့ ကြိုးစားခဲ့ကြတဲ့ အထောက်အထားတွေကိုကြည့်ရင် အခုထွက်ပေါ်နေတဲ့ “Hit List” ဆိုတာက အများကြီးငြင်းချက်ထုတ်နေဖို့ မလိုပါဘူး။ လူအများစိတ်ဝင်စားနေတဲ့ “Hit List” က ဘာလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ “Hit List” စာရင်းသတ်မှတ်ထားတာလဲဆိုတာ ယနေ့အကြမ်းဖက် လူသတ်ဖောက်ခွဲဖျက်ဆီးရေးလုပ်နေတဲ့ NUG နဲ့ PDF အဖွဲ့တွေရဲ့ လုပ်ရပ်တွေကိုကြည့်ရင် မြင်တွေ့သိရှိရမှာ ဖြစ်ပါတယ်။

**NUG/PDF ဆိုတာ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံ၊ ဘယ်လူ့အဖွဲ့အစည်းကမှ လက်မခံနိုင်တဲ့ အကြမ်းဖက်ဝါဒ (Terrorism) ကို ကိုင်စွဲဆောင်ရွက်နေတဲ့ အကြမ်းဖက်အဖွဲ့တွေဖြစ်တယ်ဆိုတာ သူတို့ကိုယ်တိုင်ပြောကြားချက်တွေ၊ နေ့စဉ်အကြမ်းဖက်မှုတွေနဲ့ ယခုတလောခေတ်စားနေတဲ့ “Hit List” ဆိုတဲ့ ငြင်းမရနိုင်တဲ့ အထောက်အထားတွေက ထပ်ဆင့်သက်သေညွှန်းဆို ပြသနေပါတယ်။ ဒီလို NUG/ PDF ရဲ့ “ငါနဲ့မတူ ငါ့ရန်သူ” ဆိုပြီး အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေတဲ့ နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်ဝါဒကို မြန်မာနိုင်ငံမှာသာမက ဒေသတွင်းနဲ့ နိုင်ငံတကာမှာပါ ခြေကုပ်မယူနိုင်ရေးက အလွန်အရေးကြီးပါတယ်။**

ဒါကြောင့် NUG၊ PDF နဲ့ အစွန်းရောက် NLD အကြမ်းဖက်သမားတွေရဲ့လုပ်ရပ်တွေကို အကြမ်းဖက်ဝါဒကို မလိုလားတဲ့ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ မြန်မာပြည်သူတွေအားလုံး လက်တွဲညီညီ ဝိုင်းဝန်းပူးပေါင်းတိုက်ဖျက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

# ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် စေခိုင်းနေသော NLD ပါတီဝင် မောင်ကျော် (ခ) ဖြိုးဇေယျာသော်နှင့် ဆက်စပ်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ

အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ NLD ပါတီဝင် မောင်ကျော်(ခ) ဖြိုးဇေယျာသော်က လက်နက်/ခဲယမ်းများထုတ်ပေး၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်သည် ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရရှိခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၏ ယုံကြည်စိတ်ချရသူတစ်ယောက်အနေဖြင့် တာဝန်ထမ်းဆောင်ကာ ဒေါ်အောင်ဆန်းစုကြည်၏ ပြည်တွင်း/ပြည်ပ ခရီးစဉ်များ၊ စည်းရုံးရေးလှုပ်ရှားမှုများတွင် အနီးကပ်လိုက်ပါခဲ့သည်။

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်သည် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဆူပူဆန္ဒပြမှုများအား ဦးစီးဆောင်ရွက်ခဲ့သူဖြစ်သည်။

ထို့ပြင် ဧပြီလမှစ၍ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ ရည်မွန်၊ ဇော်ဝေစိုး၊ လွင်ကိုလတ်တို့နှင့် ချိတ်ဆက်၍ ရန်ကုန်တိုင်းတာဝန်ခံအဖြစ် ဆောင်ရွက်ပြီး အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော Special Tesk Force- STF နှင့် People Defence Force-PDF အဖွဲ့တို့အား ဦးစီးကာ အကြမ်းဖက်လုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရမှုကို ဓာတ်ပုံမှတ်တမ်းဖြင့် ဖော်ပြလိုက်ပါသည်။



တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော်နှင့် ဒေါ်အောင်ဆန်းစုကြည် တို့၏ မှတ်တမ်းဓာတ်ပုံ။



တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ မှတ်တမ်းဓာတ်ပုံ။



ဇော်ဝေစိုး (NUG)



ရည်မွန် (NUG)



လွင်ကိုလတ်(NUG)

မောင်ကျော်(ခ) ဖြိုးဇေယျာသော် အပါအဝင် အကြမ်းဖက်သမားများအား နောက်ကွယ်မှ စေခိုင်းလျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ တရားခံများ၏ မှတ်တမ်းဓာတ်ပုံ။

ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် စေခိုင်းနေသော တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော်အား ၁၈-၁၁-၂၀၂၂ ရက်က လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။



၉-၉-၂၀၂၂ ရက်တွင် စမ်းချောင်းမြို့နယ်၌ လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များအားပစ်ခတ်ခဲ့သော ဖြစ်စဉ်တွင် သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။





၅-၈-၂၀၂၂ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ အမှတ်(၃၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊မြိုင်မဟာလက်ဖက်ရည်ဆိုင်၌ ပစ်ခတ်မှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။








၄-၁၁-၂၀၂၁ ရက်တွင် မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ (၇)မိုင်၊ တေးနုယဉ်လမ်း၊ အမှတ်(၂၆/အေ/G-1) နေအိမ်ရှေ့တွင် ပစ်ခတ်ခံရမှုကြောင့် သေဆုံးသူ၏ မှတ်တမ်းဓာတ်ပုံ။



၁၁-၇-၂၀၂၁ ရက်တွင် ခေါးပြတ်တိုက်မှု ဖြစ်ပွားခဲ့သည့် မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်(၂)ရပ်ကွက်ရှိ “လှသီတာ”ရွှေဆိုင်နှင့် ပြစ်မှုကျူးလွန်သူ တရားခံ ဝေယံ(ခ)အသေးလေး။



၇-၆-၂၀၂၁ ရက်တွင် သာကေတမြို့နယ်၊ ၃ မာန်ပြေရပ်ကွက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရမှုတွင် ဒဏ်ရာရရှိသူ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး မှတ်တမ်းဓာတ်ပုံ။

တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော် နေထိုင်သည့် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာနှင်းဆီအိမ်ရာ၊ ရတနာလမ်း၊ တိုက်အမှတ် (3/B)၊ အခန်းအမှတ်(B/0907)၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ သုခိတာလမ်း၊ ခြံအမှတ်(၆၇) နှင့် (၈)မြောက်ရပ်ကွက်၊ ငွေတိုက်စိုးခြံ၊ ပြည်သာယာလမ်းသွယ်(၂)၊ အမှတ်(၁၄၂)ရှိ နေအိမ်တို့မှ သိမ်းဆည်းရမိသော လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။





၁၇-၈-၂၀၂၁ ရက်တွင် တောင်ဒဂုံမြို့နယ်၊ (၅၇)ရပ်ကွက်၊ နောင်ရိုးလမ်းနှင့် အောင်ဇမ္ဗူလမ်းထောင့်၌ အပြစ်မဲ့ပြည်သူ တစ်ဦး ပစ်ခတ်ခံရမှု မှတ်တမ်းဓာတ်ပုံ။


အောင်ပိုင်ဖြိုး (၂၆)နှစ်


ဆွေလင်းအောင် (၂၉)နှစ်


စောဘယ်လ်ဇင်ထူး (၂၁)နှစ်


ဟိန်းထက်အောင် (၂၀)နှစ်

၂၃-၁၀-၂၀၂၁ ရက်တွင် ဗားကရာလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းထောင့်ရှိ ယာဉ်ထိန်းရဲကင်းရုံအား ပစ်ခတ်ခဲ့သော တရားခံများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



၁-၆-၂၀၂၁ ရက်တွင် မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းဓမ္မလမ်းရှိ MCC ခန်းမရှေ့၌ အပြစ်မဲ့ပြည်သူတစ်ဦး ပစ်ခတ်ခံရမှု မှတ်တမ်းဓာတ်ပုံ။






၉-၉-၂၀၂၁ ရက်တွင် စမ်းချောင်းမြို့နယ်၌ လှည့်ကင်းဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်ခဲ့သော ဖြစ်စဉ်တွင် သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။
★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြင့်တင်ဆောင်ရွက်ရေး။
★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။
★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)

❖ *ကျောဖုံးမှ*

ပစ္စည်းများအားလုယက်ခြင်း စသည့်အဖျက်အမှောင့် လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ မြို့နယ် ၁၀ မြို့နယ်ရှိ ဈေး ၁၀ ခုမှ ဈေးဆိုင်ခန်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

**၁-၂-၂၀၂၁ ရက်နေ့မှ ၂၀-၁၁-၂၀၂၁ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ဈေးများအား ဆူပူအကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့/ဖောက်ခွဲဖျက်ဆီးမှုစာရင်း**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဈေး | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၁ | ၁ | |
| ၂ | ကချင် | ၁ | ၁ | |
| ၃ | ကရင် | ၁ | ၁ | |
| ၄ | စစ်ကိုင်း | ၁ | ၁ | |
| ၅ | မန္တလေး | ၁ | ၁ | |
| ၆ | မွန် | ၁ | ၁ | |
| ၇ | ရန်ကုန် | ၂ | ၂ | |
| ၈ | ရှမ်း | ၁ | ၁ | |
| ၉ | ဧရာဝတီ | ၁ | ၁ | |
| စုစုပေါင်း | | ၁၀ | ၁၀ | |



၈-၆-၂၀၂၁ ရက်တွင် နောင်ချိုမြို့ မြို့မဈေးဆိုင်ခန်း မီးလောင်မှု။





၁၀-၄-၂၀၂၁ ရက်တွင် ချမ်းအေးသာစံနှင့် မဟာအောင်မြေမြို့နယ်တို့၌ အသံဗုံး နှစ်လုံး ပေါက်ကွဲမှု။





၄-၅-၂၀၂၁ ရက်တွင် သထုံမြို့ မြို့မဈေးကြီး၌ အသံဗုံး ပေါက်ကွဲမှု။



၂၈-၄-၂၀၂၁ ရက်တွင် အင်းစိန်မြို့နယ်၌ မြို့မဈေး သားငါးပုံကျဈေးတန်းတွင် အသံဗုံး တစ်လုံး ပေါက်ကွဲမှု။



၂၆-၆-၂၀၂၁ ရက်တွင် ဥတ္တရသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ၌ ဈေးကော်မတီရုံး မီးရှို့ခံရမှု။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

အကြမ်းဖက်အဖွဲ့များအနေဖြင့် ဈေးများအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် လူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**




၂၁-၄-၂၀၂၂ ရက်တွင် ရွှေကူမြို့နယ်၌ လက်လုပ်အသံမိုင်း နှစ်လုံး ပေါက်ကွဲမှု။

**၁-၂-၂၀၂၂ ရက်နေ့မှ ၂၀-၁၁-၂၀၂၂ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ဈေးများအား ဆူပူအကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့/ဖောက်ခွဲဖျက်ဆီးမှုစာရင်း**

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင်/မြို့နယ် | ဌာနဆိုင်ရာရုံး၊ အဆောက်အဦ | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂၆-၆-၂၀၂၂ | နေပြည်တော် | ဥတ္တရသီရိ | ဈေးကော်မတီရုံး | မီးလောင်ဖျက်ဆီး | |
| ၂ | ၂၁-၄-၂၀၂၂ | ကချင် | ရွှေကူ | အမှတ်(၂) ရပ်ကွက် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး | |
| ၃ | ၄-၅-၂၀၂၂ | ကရင် | လှိုင်းဘွဲ့ | ပျံကျဈေးတန်း ဟောင်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး | |
| ၄ | ၂၉-၅-၂၀၂၂ | စစ်ကိုင်း | ကောလင်း | စည်ပင်သာယာ ဈေးဆိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး | |
| ၅ | ၁၀-၄-၂၀၂၂ | မန္တလေး | ချမ်းအေးသာစံ | ရတနာပုံဈေး အရှေ့တောင် ထောင့် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး | |
| ၆ | ၄-၅-၂၀၂၂ | မွန် | သထုံ | မြို့မဈေးကြီး | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး | |
| ၇ | ၂၈-၄-၂၀၂၂ | ရန်ကုန် | အင်းစိန် | အင်းစိန်မြို့မဈေး | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး | |
| ၈ | ၁၀-၁၁-၂၀၂၂ | ရန်ကုန် | ပန်းဘဲတန်း | ဗိုလ်ချုပ်ဈေး (ဟောင်း) | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး | |
| ၉ | ၈-၆-၂၀၂၂ | ရှမ်း | နောင်ချို | ဈေးရပ်ကွက် | မီးလောင်ဖျက်ဆီး | |
| ၁၀ | ၁-၆-၂၀၂၂ | ရှာ၀တီ | ကန်ကြီးထောင့် | မြို့မဈေး | မီးလောင်ဖျက်ဆီး | |




နမ့်ဆန်တွင် သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများ။



နမ့်ဆန်တွင် သိမ်းဆည်းရမိခဲ့သည့် 7.62 mm Assault Rifle Type-81 သုံးလက်။

*ကျောဖုံးမှ*

အကြမ်းဖက်အုပ်စုများသို့ ရောင်းချရန် လက်နက်/ခဲယမ်းများ စုဆောင်းသိမ်းဆည်းထားကြောင်း တာဝန်သိပြည်သူအချို့၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ ဖော်ထုတ်ရှင်းလင်းခြင်းကို နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၃ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် ကျေးရွာအတွင်းရှိ ဦးစိုးလွင်(ဘ) ဦးစုန်ရှင်ရှင်း၏ နေအိမ်အတွင်း မြေအောက်ခန်းမှ Type-56 သေနတ် တစ်လက်၊ ကေ(၁၂)သေနတ် တစ်လက်၊ Type-81 သေနတ် သုံးလက်၊ ဘီအေ (၆၃)သေနတ် ခုနစ်လက်၊ ဘီအေ (၉၄)သေနတ် လေးလက်၊ အမ် ၂၂ ကျည်အိမ် အခု ၂၀၊ ကျည်အိမ် အဝိုင်း တစ်ခု၊ ကျည်မျိုးစုံ ၁၉၄၅ တောင့်၊ ဒီတိုနေတာ ၁၃ ခုနှင့် ယမ်းကြိုးခွေ လေးခွေကို လည်းကောင်း၊ ည ၁၁ နာရီခန့်တွင် ၎င်းနေအိမ်၏ မြင်းတင်းကုပ်အတွင်းမှ Type-56 သေနတ် ၃၄ လက်နှင့် အမ် ၂၂ ကျည်အိမ် ၁၀၅ ခုကို လည်းကောင်း စုစုပေါင်း လက်နက်မျိုးစုံ အလက် ၅၀၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

**ဖော်ထုတ်ရှင်းလင်း**

တပ်မတော်စစ်ကြောင်းများအနေဖြင့် စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယခုဖော်ထုတ်ရှင်းလင်းရရှိသည့် မန်မိုင်မုန်းကွမ်းကျေးရွာ၏ မြောက်ဘက် ၇ ကီလိုမီတာအကွာရှိ ဟိုမိန်းကျေးရွာအတွင်းမှလည်း ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် လေယာဉ်ပစ် ပခုံးထမ်းဒုံး (FN-6) တစ်လက် အပါအဝင် လက်နက်ကြီးနှင့် လက်နက်ငယ်မျိုးစုံ အလက်၁၇၀ နှင့် ခဲယမ်း၊ ဆက်စပ်ပစ္စည်းများကိုလည်း ယခုကဲ့သို့ ထာဝရငြိမ်းချမ်းရေးကို လိုလားနှစ်သက်ကြသည့် တိုင်းရင်းသားပြည်သူအချို့၏ သတင်းပေးမှုကြောင့် ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့သည်။

**လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်**

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ ဘဝလုံခြုံရေးအတွက် အကြမ်းဖက်လုပ်ရပ်များ မဖြစ်ပေါ်စေရန် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများအနေဖြင့်လည်း မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**





နမ့်ဆန်တွင် သိမ်းဆည်းရမိ ခဲယမ်းများ။

# အမရပူရမြို့နယ်နှင့် မြစ်ငယ်တိုးဂိတ်အနီး၌ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်၍ လုယက်မှုကျူးလွန်ခဲ့သော တရားခံများ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၃

**NUG အမည်ခံ အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်တွင် အမရပူရမြို့နယ် မြစ်လောင်းကျေးရွာအနီး၌ အမရပူရမြို့နယ် ဥယျာဉ်တော်အုပ်စု သရက်တန်းကျေးရွာနေသူ ထိန်ဝင်းအောင်(ခ) တေဇ (၂၇ နှစ်)နှင့် ဖြိုးကျော်(ခ)ကျော်ကြီး(၂၁ နှစ်) တို့နှစ်ဦးကို ပစ္စတို တစ်လက်၊ ၉ မမ ကျည် ၁၄ တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ ဓားမြှောင်တစ်ချောင်း၊ လက်ကိုင်ဖုန်းသုံးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။**



ထိန်ဝင်းအောင်(ခ) တေဇ (၂၇)နှစ်



ဖြိုးကျော်(ခ)ကျော်ကြီး (၂၁)နှစ်

အမရပူရမြို့နယ် မြစ်လောင်းကျေးရွာ ရန်ကုန်-မန္တလေးလမ်းတွင် ဖမ်းဆီးရရှိသည့် တရားခံ ၂ ဦး၏ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိတရားခံနှစ်ဦး၏ ထွက်ဆိုချက်အရ အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု သာလှအေးကျေးရွာတောင်ဘက် ဆင်ရွာကျေးရွာနေ ဦးမြငွေ ပိုင်ဆိုင်သော ကွင်းအမှတ်-၅၇၀ (ခ)၊ ပေါက်အင်းကွင်းရှိ လယ်တဲတွင် လက်လုပ်မိုင်းများနှင့် လက်လုပ်သေနတ်များ သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေး ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်ရှာဖွေရာ **တူမီးလက်လုပ် သေနတ် ၂၃ လက်နှင့် လက်လုပ်မိုင်းတစ်လုံး** တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံ **ထိန်ဝင်းအောင်(ခ)တေဇ နှင့် ဖြိုးကျော်(ခ)ကျော်ကြီး** တို့ နှစ်ဦးသည် ဧပြီလအတွင်း KIA ဌာနချုပ်၊ လိုင်ဇာမြို့အနီးတွင် အကြမ်းဖက် ဖောက်ခွဲရေး သင်တန်းတက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖော်ထုတ်သိရှိ**

ဖမ်းဆီးရမိတရားခံနှစ်ဦး၏ ထွက်ဆိုချက်အရ ဇူလိုင်လတွင် ဖမ်းဆီးရန်ကျန် **ဝင်းထွန်း(ခ) မင်းသန်း ကျော်** မှ မြစ်ငယ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အား အင်အား ၁၃ ဦးဖြင့် ဖွဲ့စည်းခဲ့ရာ တရားခံ **ထိန်ဝင်းအောင်(ခ) တေဇ**နှင့် တရားခံ **ဖြိုးကျော်(ခ) ကျော်ကြီး** သည် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**လုပ်ကြံသတ်ဖြတ်**

မြစ်ငယ် PDF အမည်ခံ အကြမ်းဖက် အဖွဲ့အနေဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများနှင့် လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်မှုအနေဖြင့်- အောက်တိုဘာပထမပတ်တွင် **ဝင်းထွန်း (ခ) မင်းသန်းကျော်**၏ စေခိုင်းမှုဖြင့် တရားခံ **ဖြိုးကျော်(ခ)ကျော်ကြီး** မှ ဆိုင်ကယ်မောင်းနှင်၍ တရားခံ **ထိန်ဝင်းအောင်(ခ) တေဇ** မှ နောက်မှလိုက်ပါလျက် အမရပူရမြို့နယ် စားတော်ကျေးရွာနေ အပြစ်မဲ့ ပြည်သူ **ကိုမျိုး(ခ)ငမျိုး** အား ဒလန်ဟု စွပ်စွဲ၍ သေနတ်ဖြင့် လေးချက်ပစ်ခတ်၍ လုပ်ကြံခဲ့ကြောင်း။

**အပြစ်မဲ့ပြည်သူအား လုပ်ကြံ**

အောက်တိုဘာ ၅ ရက်တွင် မြစ်ငယ်မြို့ နှင်းဆီရပ်ကွက်နှင့် သဇင်ရပ်ကွက်လမ်းဆုံ၌ မြန်မာ့မီးရထားလူစီးတွဲနှင့်ကုန်တွဲစက်ရုံမှ လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) **ဦးစံထွန်းမြိုင်အား အောင်ခန့်ကျော်**မှ ဆိုင်ကယ်မောင်းနှင်၍ **ဝင်းထွန်း (ခ) မင်းသန်းကျော်** နောက်မှထိုင်လိုက်ပါပြီး ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။ နိုဝင်ဘာ ၄ ရက်တွင် တရားခံ **ဖြိုးကျော်(ခ) ကျော်ကြီး** နှင့် **ထိန်ဝင်းအောင် (ခ) တေဇ**တို့ နှစ်ဦးမှ အမရပူရမြို့နယ် တဲနံ့သာကျေးရွာ ရစဖမှူး၏ သမက်ဖြစ်သူ **ချစ်ကို** အား ပစ္စတိုဖြင့် နှစ်ချက် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း။ နိုဝင်ဘာ ၁၃ ရက်တွင် တရားခံ **ဖြိုးကျော်(ခ) ကျော်ကြီး**နှင့် **ထိန်ဝင်းအောင် (ခ) တေဇ** တို့ နှစ်ဦးမှ အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာနေ အပြစ်မဲ့ပြည်သူ **စိုးသူ** အား ဒလန်ဟု စွပ်စွဲ၍ ဆင်ရွာမြင်းမှူးကျေးရွာ အဝင်လမ်းအနီးတွင် ပစ္စတိုဖြင့် လေးချက်ခန့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။ နိုဝင်ဘာ ၁၆ ရက်တွင် တရားခံ **ဖြိုးကျော်(ခ)ကျော်ကြီး**နှင့် **ထိန်ဝင်းအောင်(ခ)တေဇ**တို့ နှစ်ဦးမှ မြစ်ငယ် တိုးဂိတ်အကျော် Denko ဆီဆိုင်အနီး ထုံးဖိုလမ်းတွင် မကျည်းချိုကျေးရွာနေ အပြစ်မဲ့ပြည်သူ **ညီညီလွင်** အား ဒလန်ဟု စွပ်စွဲ၍ ပစ္စတိုဖြင့် ခြောက်ချက် ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ၎င်း၏ ဆိုင်ကယ်၊ လက်ကိုင်ဖုန်းနှင့်

*စာမျက်နှာ ၁၃ သို့*



အမရပူရမြို့နယ် မြစ်လောင်းကျေးရွာ ရန်ကုန်-မန္တလေးလမ်းတွင် ဖမ်းဆီးရရှိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



အမရပူရမြို့နယ် သရက်တန်းကျေးရွာရှိ Mytel တာဝါတိုင်အား လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ မီးလောင်ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု သာလှအေးကျေးရွာတွင် တူမီးလက်လုပ်သေနတ်နှင့် လက်လုပ်မိုင်း သိမ်းဆည်းရရှိသည့် မှတ်တမ်းဓာတ်ပုံ။



အမရပူရမြို့နယ် မြစ်ငယ်မြို့ နှင်းဆီရပ်ကွက်၌ ဦးစံထွန်းမြိုင် (မီးရထား AE)အား ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ဒေသခံပြည်သူတို့၏ သတင်းပေးချက်အရ လွိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက် ခရစ်တော်ဘုရင် ဗဟိုဘုရားရှိခိုးကျောင်း၌ တရားမဝင်ဆေးကုသသူများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၃

**တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကို လိုလားသော ဒေသခံပြည်သူတို့၏ သတင်းပေးချက်အရ လွိုင်ကော်မြို့ နောင်ယား (ခ) ရပ်ကွက် ခရစ်တော်ဘုရင် ဗဟိုဘုရားရှိခိုးကျောင်း၌ အကြမ်းဖက်အဖွဲ့အစည်းမှ ဒဏ်ရာရသူများ၊ ကျန်းမာရေးမကောင်းသူများအား တရားမဝင်ဆေးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် သွားရောက်စစ်ဆေးခဲ့သည်။**



ခရစ်တော်ဘုရင် ဘုရားရှိခိုးကျောင်းအား တွေ့ရစဉ်။

**တရားမဝင်ဆေးခန်းတစ်ခု တွေ့ရှိ**

ထိုသို့စစ်ဆေးရာ ခရစ်တော်ဘုရင် ဗဟိုဘုရားရှိခိုးကျောင်းအတွင်း ဂရုဏာဆေးခန်းအမည်ဖြင့် တရားမဝင်ဆေးခန်း တစ်ခုကို တွေ့ရှိခဲ့သည်။ အဆိုပါဆေးခန်း၌ ဖာသာချဲလ်ဆိုဘရွှေ၊ လွိုင်ကော်ကက်သလစ် သာသနာ ခေတ္တဂိုဏ်းအုပ် အပါအဝင်



ခရစ်တော်ဘုရင် ဗဟိုဘုရားရှိခိုးကျောင်းရှိ တရားမဝင် ခွဲစိတ်ခန်းကို တွေ့ရစဉ်။



တရားမဝင်ဆေးကုသမှု ခံယူနေသူများကို တွေ့ရစဉ်။

ဖာသာ ၁၃ ဦး၊ စစ္စတာ ၁၃ ဦးတို့အား တွေ့ရှိရသည့်အပြင် တရားမဝင် ဆေးကုသပေးနေသည့် ဆရာဝန် လေးဦး၊ သူနာပြု လေးဦး၊ သူနာပြုအကူ ၁၀ ဦး စုစုပေါင်း ၁၈ ဦးတို့အား တရားမဝင် ခွဲစိတ်ခန်း တစ်ခု၊ တရားမဝင် ဆေးကုသလူနာ အမျိုးသား ၂၀၊ အမျိုးသမီး ၂၁ ဦးနှင့် ကိုဗစ်လူနာ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်းလူနာ ၄၈ ဦးနှင့်အတူ စစ်ဆေးတွေ့ရှိရသည်။ ၎င်းအပြင် ဘုရားကျောင်းဝင်းအတွင်း ရပ်တန့်ထားသော လိုင်စင်မဲ့ မော်တော်ယာဉ် လေးစီး အပါအဝင် ယာဉ်မျိုးစုံ ၁၄ စီးတို့ကို စစ်ဆေးတွေ့ရှိခဲ့သည်။

**ပဏာမစစ်ဆေးချက်**

စစ်ဆေး တွေ့ရှိရသည့် ဆရာဝန်၊ သူနာပြုများအား ပဏာမစစ်ဆေးချက်အရ ၎င်းတို့ အနက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် CDM ပြုလုပ်ခဲ့သော မြို့နယ်ကုသရေး ဦးစီးဌာနမှ ဆရာဝန် နှစ်ဦး၊ လွိုင်ကော်ပြည်သူ့ဆေးရုံမှ သူနာပြု လေးဦး၊

*စာမျက်နှာ ၁၈ သို့*



NISSAN အမျိုးအစား လိုင်စင်မဲ့ယာဉ်နှင့် CROWN အမျိုးအစား လိုင်စင်မဲ့ယာဉ်။



*စာမျက်နှာ ၁၂ မှ*

ငွေကျပ် ၂၈ သိန်းတို့ကို ယူဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**လက်လုပ်ဗုံးဖြင့် ဖောက်ခွဲ**

ထို့ပြင် မြစ်ငယ် PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ **ဝင်းထွန်း (ခ) မင်းသန်းကျော် နှင့် ငရဲ (ခ) ကုလား** တို့ နှစ်ဦးသည် အောက်တိုဘာ ၂၂ ရက်တွင် အမရပူရမြို့နယ် သရက်တန်းကျေးရွာရှိ Mytel ဖုန်းတာဝါတိုင်အား လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက် နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာမှ သတင်း ရရှိသည်။

**သတင်းစဉ်**



အမရပူရမြို့နယ် ဆင်ရွာ မြင်းမှူးကျေးရွာအုပ်စု ကျေးရွာလမ်းအဝင်တွင် စိုးသူအား သေနတ်ပစ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



မြစ်ငယ်တိုးဂိတ်အကျော် DENKO ဆီဆိုင်အနီး ထုံးဘို-ပြင်ဦးလွင် ကားလမ်းပေါ်တွင် တောင်ကိုင်းကျေးရွာနေ ဦးညီညီလွင်အား သေနတ်ပစ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။

# ကာကွယ်ဆေးထိုးပြီးသားခရီးသွားများအတွက် ဩစတြေးလျနယ်စပ်တံခါးများဖွင့်ပေးတော့မည်

**ဆစ်ဒနီ နိုဝင်ဘာ ၂၃**

ဩစတြေးလျနိုင်ငံသည် ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ကာကွယ်ဆေးအပြည့်ထိုးပြီးသား ဗီဇာကိုင်ဆောင်ထားသည့် ခရီးသွားများကို တိုင်းပြည်အတွင်း ဝင်ရောက်ခွင့်ပြုတော့မည်ဖြစ်ကြောင်း အစိုးရက ကြေညာခဲ့သည်။

ဩစတြေးလျနိုင်ငံသည် ပြီးခဲ့သည့်နှစ် မတ်လအတွင်းမှစတင်ကာ ဗိုင်းရပ်စ်ကူးစက်မှုများကို တားဆီးနိုင်ရေးအတွက် နယ်စပ်တံခါးများကို ပိတ်ပစ်ခဲ့ပြီး ဩစတြေးလျနိုင်ငံတွင် အလုပ်လုပ်လိုသူများ၊ သို့မဟုတ် အရေးတကြီး စီးပွားရေးကိစ္စရှိသူများသည် ခရီးသွားကင်းလွတ်ခွင့် ရရှိရန်လိုအပ်သည်။ နိုဝင်ဘာ ၂၂ ရက်တွင် ဩစတြေးလျအစိုးရထုတ်ပြန်ကြေညာချက်အရ အရည်အချင်းပြည့်မီသည့် လုပ်သားများနှင့် ကျောင်းသားများအပါအဝင် ဗီဇာကိုင်ဆောင်ထားသူများသည် ဩစတြေးလျနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်ဟု သိရသည်။

ကာကွယ်ဆေးအပြည့်ထိုးထားကြောင်း အသိအမှတ်ပြုလက်မှတ်နှင့် ကိုဗစ် -၁၉ ကင်းစင်ကြောင်း လက်မှတ်ပြသရမည်ဖြစ်သည်။ လာမည့်လမှ စတင်ကာ အချို့သောအခြေအနေအောက်တွင် ဂျပန်နှင့် တောင်ကိုရီးယားတို့မှလာသော ကာကွယ်ဆေးအပြည့်ထိုးပြီးသားခရီးသွားများကို ဩစတြေးလျနိုင်ငံက ပြန်လည်လက်ခံသွားမည်ဟုလည်း ကြေညာခဲ့သည်။

နယ်စပ်တံခါးများ ပြန်လည်ဖွင့်လှစ်ပေးခြင်းမှာ တိုင်းပြည်စီးပွားရေးအတွက်ပင် ဖြစ်သည်ဟု ဝန်ကြီးချုပ်စကော့မော်ရစ်ဆင်က နိုဝင်ဘာ ၂၂ ရက်တွင် သတင်းထောက်များကို ပြောသည်။

ဆင်ဟွာ



ဆစ်ဒနီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ခရီးသွားများကို တွေ့ရစဉ်။

# လစ်ဗျားနိုင်ငံ၌ ရေနံနှင့်ဓာတ်ငွေ့များ ထုတ်လုပ်မှုကို တိုးမြှင့်သွားမည်ဟုဆို

**ထရီပိုလီ နိုဝင်ဘာ ၂၃**

လစ်ဗျားနိုင်ငံသည် လာမည့် ငါးနှစ်တာကာလ ကျော်လွန်သည့်အခါ ရေနံနှင့်ဓာတ်ငွေ့ထုတ်လုပ်မှုများကို တိုးမြှင့်သွားရန်အတွက် နည်းလမ်းများရှာဖွေနေသည်ဟု ရေနံနှင့်ဓာတ်ငွေ့ဝန်ကြီး မိုဟာမက်အာဝင်က နိုဝင်ဘာ ၂၁ ရက်တွင် ပြောသည်။ ရေနံထုတ်လုပ်မှုကိုတစ်နေ့လျှင် စည်ပေါင်း ၂ ဒသမ ၁ သန်းအထိ တိုးမြှင့် ထုတ်လုပ်သွားရန်နှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု တိုးမြှင့်ထုတ်လုပ်သွားရန် အစီအစဉ်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မြို့တော် ထရီပိုလီတွင် ကျင်းပသည့် လစ်ဗျားစွမ်းအင်နှင့်စီးပွားရေး ထိပ်သီးဆွေးနွေးပွဲတွင် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ ရေနံကြွယ်ဝမှုအပေါ်တွင် ရင်းနှီးမြှုပ်နှံမှုများကို အားပေးကြောင်း ၎င်းက ပြောသည်။ ထို့ပြင် လစ်ဗျားနိုင်ငံသည်ရေနံချက်လုပ်မှုကို တိုးမြှင့်သွားရန်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများပါလုပ်ကိုင်သွားမည်ဟု ပြောသည်။ ရေနံနှင့် ဓာတ်ငွေ့မှာ လစ်ဗျားနိုင်ငံ၏ အခွန်ငွေအတွက် အဓိက အရင်းအမြစ်များဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သည့်နှစ်အတွင်း လက်နက်ကိုင် ပဋိပက္ခများကြောင့် ရေနံလုပ်ကွက်များ ပိတ်ထားခဲ့ရပြီး အဆိုပါကဏ္ဍတွင် ထိခိုက်မှုများစွာရှိခဲ့သည်။


လစ်ဗျားအမျိုးသားရေနံကော်ပိုရေးရှင်းအောက်ရှိ ရီဘာရိတ်ကာ ရေနံစက်ရုံ။

ဆင်ဟွာ

# ယူကရိန်းနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်မှု အရှိန်လျော့ကျလာပြီဖြစ်

**ကီယက်ဗ် နိုဝင်ဘာ ၂၃**

ယူကရိန်းနိုင်ငံ၌ ကိုဗစ် - ၁၉ ကူးစက်မှုမှာ အရှိန်နှေးလာသည့် လက္ခဏာများ ပြသလာပြီဟု အစိုးရက နိုဝင်ဘာ ၂၂ ရက်တွင် ပြောသည်။

ကူးစက်မှုနှုန်းနှင့် ဆေးရုံတက် ကုသရမှုနှုန်း ကျဆင်းလာသည့်အတွက် အကောင်းဘက်သို့ ဦးတည်လာပြီ ဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၂၄၄၁၉ ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ယခင်က တစ်ပတ်အတွင်း ဆေးရုံတက်ရမှုနှုန်းမှာ ၃၂၀၀၀ ရှိခဲ့သည်ဟု ကြေညာချက်အရ သိရသည်။ ပြီးခဲ့သည့် ၇ ရက်တာကာလအတွင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးမှုနှုန်းမှာလည်း ပြီးခဲ့သည့် သီတင်းပတ်များနှင့် နှိုင်းယှဉ်လျှင် ကျဆင်းလာပြီဖြစ်သည်။

သုံးလတာ ကာလအတွင်း ပထမဆုံး အကြိမ်အဖြစ် ယခုလို ကျဆင်းခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၇သန်းကို ထိုးပေးနိုင်ခဲ့သည်။ ဖေဖော်ဝါရီမှ စတင်၍ ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံမှုစတင်ခဲ့ရာ ကာကွယ်ဆေး အလုံးရေ ၂၂ ဒသမ ၇သန်း ထိုးနှံပေးနိုင်ခဲ့ပြီဖြစ်သည်။

ဆင်ဟွာ



ကိုဗစ် - ၁၉ ကာကွယ်ဆေးများ။

# ဘူလ်ဂေးရီးယားနိုင်ငံ ဘိုးဘွားရိပ်သာ၌ မီးလောင်မှုကြောင့် ခြောက်ဦးထက်မနည်းသေဆုံး

**ဆိုဖီရာ နိုဝင်ဘာ ၂၃**

ဘူလ်ဂေးရီးယားနိုင်ငံအရှေ့ပိုင်း ရိုယက်ကျေးရွာရှိ ဘိုးဘွားရိပ်သာတစ်ခုတွင် နိုဝင်ဘာ ၂၂ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးသတ်နှင့်ကယ်ဆယ်ရေးအဖွဲ့ ငါးဖွဲ့က အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိခဲ့ကြသည်ဟု ဝန်ကြီးဌာနက ပြောသည်။

မီးလောင်မှုဖြစ်ပွားသည့် ဘိုးဘွားရိပ်သာ၌ သက်ကြီးရွယ်အိုအများစုမှာ ၆၀ ဝန်းကျင်များဖြစ်ကြသည်။ သက်ကြီးရွယ်အိုများကို ကယ်ထုတ်နိုင်ခဲ့ပြီး မီးကိုလည်း ငြိမ်းသတ်နိုင်ခဲ့သည်ဟု ဝန်ကြီးဌာနက ပြောသည်။ ကနဦးရရှိသည့်အချက်အလက်များအရ ခေါင်မိုးမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး တတိယထပ်တွင် မီးကူးစက်ခဲ့ကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# အီရန်နိုင်ငံ၌ ကိုဗစ် - ၁၉ ကြောင့် နေ့စဉ်သေဆုံးမှုနှုန်း ၁၀၀ အောက်သို့ ကျဆင်းလာ

**တီဟီရန် နိုဝင်ဘာ ၂၃**

အီရန်နိုင်ငံ၌ နိုဝင်ဘာ ၂၂ ရက်က ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၉၇ ဦး တိုးလာခဲ့ရာ မတ်လမှစတင်ကာ ပထမဆုံးအကြိမ်အဖြစ် ကိုဗစ် -၁၉ကြောင့်သေဆုံးမှုမှာ ရာဂဏန်းအောက် ကျဆင်းလာခြင်းဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

ဝန်ကြီးဌာန၏ အသစ်ထုတ်ပြန်ထားချက်အရ နိုဝင်ဘာ ၂၁ ရက်တွင် ကိုဗစ် -၁၉ကူးစက်ခံရသူ ၅၄၂၇ ဦးရှိပြီး တိုင်းပြည်တစ်ဝန်းစုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၆၀၈၂၈၆၅ ဦးရှိလာသည်ဟု သိရသည်။

ကိုဗစ် -၁၉ ကြောင့် တိုင်းပြည်အတွင်း လူပေါင်း ၁၂၉၀၅၃ ဦး၏ အသက်များဆုံးရှုံးခဲ့ရပြီးဖြစ်ကာ ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၅၇၉၅၀၆၀ ရှိသည်။ နိုဝင်ဘာ ၂၂ ရက်အထိ အီရန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကာကွယ်ဆေး ပထမအကျော့ထိုးပြီးသူ ၅၆၈၃၀၇၄၁ ဦးရှိပြီး နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၄၅၁၁၅၀၀၃ ဦးရှိသည်ဟု ဖော်ပြထားသည်။

တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူအရေအတွက်မှာ ၈၀၃၂၉၀ ရှိသည်ဟု သိရသည်။

ဆင်ဟွာ

# နိုဝင်ဘာ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆၃၁ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၇ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၀၄၁ ဦးရှိ

(၂၃-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၂-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၆,၈၃၉) ခု အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၃၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၃၅) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၂၂,၆၃၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၉,၁၀၂) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၇၇) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၂,၅၅၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၀၄၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
(၂၃-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၉၆) ခု | (၈၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၀) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၁၉) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၉) ခု | (၂၅) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၂၉)ခု | (၄) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၂) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၅၇) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၅၈) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၈၅၉) ခု | (၄၈၆) ဦး |
| စုစုပေါင်း | (၂၆,၈၃၉) ခု | (၆၃၁) ဦး |

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်းရောဂါဖြစ်ပွားမှု အခြေအနေ
(၂၇-၅-၂၀၂၁ မှ ၂၂-၁၁-၂၀၂၁)




- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျစည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်းလျော့နည်းကျဆင်းလာခဲ့ပြီး ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ လွန်ခဲ့သော (၄) ပတ်အတွင်း (၅) ရာခိုင်နှုန်းအောက်အထိ လျော့နည်းကျဆင်းလာခဲ့ကြောင်းတွေ့ရှိရပါ၍ ရောဂါကူးစက်မှုအား ယခုထက် ပိုမို လျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၃- ၁၁ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၇၄၈၅၅၇ | ၃၈၆၃၃၈၉၀ | ၇၉၄၈၆၄ |
| ၂။ | အိန္ဒိယ | ၃၄၅၂၆၄၈၀ | ၃၃၉၄၆၇၄၉ | ၄၆၆၁၄၇ |
| ၃။ | ဘရာဇီး | ၂၂၀၁၉၈၇၀ | ၂၁၂၃၀၃၅၇ | ၆၁၂၈၄၂ |
| ၄။ | ဗြိတိန် | ၉၈၈၉၉၂၆ | ၈၇၅၁၉၄၅ | ၁၄၃၉၇၂ |
| ၅။ | ရုရှား | ၉၄၀၀၈၃၅ | ၈၀၈၉၆၉၄ | ၂၆၆၅၇၉ |
| ၆။ | တူရကီ | ၈၅၉၆၄၁၀ | ၈၁၂၀၈၈၂ | ၇၅၂၃၅ |
| ၇။ | ပြင်သစ် | ၇၄၂၀၂၃၇ | ၇၀၆၂၂၇၇ | ၁၁၈၅၅၅ |
| ၈။ | အီရန် | ၆၀၈၈၀၀၉ | ၅၈၀၇၀၈၉ | ၁၂၉၁၇၇ |
| ၉။ | ဂျာမနီ | ၅၄၁၈၆၈၁ | ၄၆၈၀၀၀၀ | ၉၉၈၁၇ |
| ၁၀။ | အာဂျင်တီးနား | ၅၃၁၅၉၈၉ | ၅၁၈၂၈၂၁ | ၁၁၆၃၈၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၃- ၁၁ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၃၉၉၂ | ၄၁၀၂၃၂၃ | ၁၄၃၇၅၃ |
| ဖိလစ်ပိုင် | ၂၈၂၇၈၂၀ | ၂၇၆၁၆၁၇ | ၄၇၄၈၂ |
| မလေးရှား | ၂၅၉၁၄၈၆ | ၂၄၉၃၄၃၇ | ၃၀၀၆၃ |
| ထိုင်း | ၂၀၇၆၁၃၅ | ၁၉၇၂၅၅၃ | ၂၀၄၈၇ |
| ဗီယက်နမ် | ၁၁၀၄၈၃၅ | ၉၁၀၂၇၆ | ၂၃၉၅၁ |
| မြန်မာ | ၅၁၉၁၀၂ | ၄၉၂၅၅၈ | ၁၉၀၄၁ |
| စင်ကာပူ | ၂၅၃၆၄၉ | ၂၃၄၈၅၆ | ၆၆၇ |
| ကမ္ဘောဒီးယား | ၁၁၉၉၃၄ | ၁၁၆၃၂၀ | ၂၉၀၉ |
| လာအို | ၆၄၄၈၂ | ၅၃၁၀၆ | ၁၃၇ |
| ဘရူနိုင်း | ၁၄၇၀၁ | ၁၄၁၆၂ | ၉၆ |

# ၁-၂-၂၀၂၁ ရက်မှ ၁၆-၁၁-၂၀၂၁ ရက်အထိ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသည့် အစိုးရဝန်ထမ်းများစာရင်း

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | မြို့နယ် | အမည် | အလုပ်အကိုင် | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၁၃-၅-၂၀၂၁ | ချင်း | မင်းတပ် | ဝေဖြိုးသန်း | လ/ထအင်ဂျင်နီယာ | ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခံရ။ | |
| ၂ | ၂၈-၈-၂၀၂၁ | တနင်္သာရီ | ထားဝယ် | ဦးသောင်းဒန် | ဒုတိယညွှန်ကြားရေးမှူး နတလပညာရေးနှင့် လေ့ကျင့်ရေးဌာန ဦးစီးမှူးရုံး | ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခံရ။ | |
| ၃ | ၂၈-၈-၂၀၂၁ | တနင်္သာရီ | ထားဝယ် | ဝေလင်းအောင် | ယာဉ်မောင်း နတလပညာရေးနှင့် လေ့ကျင့်ရေးဌာနဦးစီးမှူးရုံး | ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခံရ။ | |
| ၄ | ၇-၉-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | ဦးမြင့်ဇော် | မြေတိုင်း(၄) | ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခံရ။ | |
| ၅ | ၇-၉-၂၀၂၁ | စစ်ကိုင်း | ရွှေဘို | ဦးကျော်ဝင်းနိုင် | ထွေ/အုပ်စာရေး | တူမီးသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရ။ | |
| ၆ | ၈-၉-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | ထွန်းထွန်း | လမ်းအထူးအဖွဲ့ | ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခံရ။ | |
| ၇ | ၁-၆-၂၀၂၁ | မကွေး | ဂန့်ဂေါ | ဒေါ်သီတာဝင်း | ဆေးရုံလုပ်သား | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရ။ | |
| ၈ | ၁-၆-၂၀၂၁ | မကွေး | ဂန့်ဂေါ | ဒေါ်ခင်မျိုးသက် | အလယ်တန်းပြ | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရ။ | |
| ၉ | ၆-၉-၂၀၂၁ | မကွေး | ရေစကြို | အောင်ဆန်းဝင်း | ဒုလ/ထ ကြီးကြပ်ရေးမှူး | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရ။ | |
| ၁၀ | ၆-၉-၂၀၂၁ | မကွေး | ရေစကြို | ကျော်ကိုကိုထွန်း | နေ့စားလိုင်းမင်း | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရ။ | |
| ၁၁ | ၆-၉-၂၀၂၁ | မကွေး | ရေစကြို | ပြည့်စုံအောင် | နေ့စားမီတာ | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရ။ | |
| ၁၂ | ၂၂-၃-၂၀၂၁ | မန္တလေး | မိတ္ထီလာ | ဝဏ္ဏ | တောခေါင်း | ဖမ်းဆီးသတ်ဖြတ်ခြင်းခံရ။ | |
| ၁၃ | ၁၂-၉-၂၀၂၁ | မန္တလေး | စဉ့်ကူး | ဝင်းမင်းစိုး | ထွေ/အုပ်စာရေး | ဓားဖြင့် ထိုးခုတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၁၄ | ၂၃-၅-၂၀၂၁ | ရန်ကုန် | ဗိုလ်တထောင် | ညွန့်သိန်း | စည်ပင်နေ့စား | မိုင်းထောင်ဖောက်ခွဲ သတ်ဖြတ်ခြင်းခံရ။ | |
| ၁၅ | ၂၈-၅-၂၀၂၁ | ရှမ်း | မူဆယ် | ဖိုးသကြန် | စည်ပင်ဝန်ထမ်း | မိုင်းထောင်ဖောက်ခွဲ သတ်ဖြတ်ခြင်းခံရ။ | |
| ၁၆ | ၂၄-၉-၂၀၂၁ | ချင်း | မင်းတပ် | မထန်းရောင် | ခရအ(မင်းတပ်) အငယ်တန်းစာရေး | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၁၇ | ၃-၁၀-၂၀၂၁ | မန္တလေး | ငါန်းဇွန် | ဦးအောင်သီဟ | ကျောင်းဆရာ | သေနတ်၊ ဓားများဖြင့် သတ်ဖြတ်ခြင်းခံရ။ | |
| ၁၈ | ၅-၁၀-၂၀၂၁ | မန္တလေး | အမရပူရ | ဦးစံထွန်းမြိုင် | မီးရထား AE | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၁၉ | ၆-၁၀-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | ဦးရန်နိုင်စိုး | ပညာရေးဝန်ထမ်း (အထွေထွေလုပ်သား) | ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းခံရ။ | |
| ၂၀ | ၆-၁၀-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | ဦးဇော်မင်း | အထက(၃၁) ကျောင်းစောင့် | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၂၁ | ၇-၁၀-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | ဒေါ်ခင်ဆွေမြင့် ပေါက်အိုင်ကျေးရွာ မင်းကင်းမြို့ | ကျောင်းအကူ | တူမီးသေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၂၂ | ၁၁-၁၀-၂၀၂၁ | မကွေး | နတ်မောက် | ရန်နောင်ဦး(၃၀)နှစ် အောင်ဆန်း ရပ်ကွက်၊ နတ်မောက်မြို့ | အငယ်တန်းစာရေး | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၂၃ | ၁၃-၁၀-၂၀၂၁ | ရန်ကုန် | မင်္ဂလာ တောင်ညွန့် | ဦးထိန်ဝင်း(ခ)ရန်ကင်း မောင်(၅၂)နှစ် မီးရထားရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် | မီးရထားဝန်ထမ်း | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၂၄ | ၁၅-၁၀-၂၀၂၁ | ဧရာဝတီ | မော်လမြိုင်ကျွန်း | ဦးအေးသွင် | ထွေ/အုပ်စာရေး | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၂၅ | ၁၈-၁၀-၂၀၂၁ | စစ်ကိုင်း | အရာတော် | ဦးကျော်ဖြိုး(၂၈)နှစ် မကျီးစုကျေးရွာ၊ အရာတော်မြို့ | ကျောင်းဆရာ (မူ/အုပ်) | ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းခံရ။ | |
| ၂၆ | ၁၈-၁၀-၂၀၂၁ | စစ်ကိုင်း | ယင်းမာပင် | ဒေါ်သွဲ့သွဲ့ဝင်း(၃၉)နှစ် ယင်းမာပင်မြို့ | ကျောင်းဆရာမ (မူလွန်) | တူမီးသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၂၇ | ၁၉-၁၀-၂၀၂၁ | ပဲခူး | ရေတာရှည် | ခင်မောင်ဦး(၅၀)နှစ် ဥယျာဉ်မှူးကျေးရွာ၊ ရေတာရှည်မြို့ | ဥယျာဉ်မှူးကျောင်း ညစောင့် | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၂၈ | ၂၁-၁၀-၂၀၂၁ | မန္တလေး | မြင်းခြံ | ဦးကျော်မျိုး(၃၄)နှစ် ထိန်ပင်ကျေးရွာ၊ မြင်းခြံမြို့နယ် | မူလတန်းပြ | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၂၉ | ၂၂-၁၀-၂၀၂၁ | မွန် | ကျိုက်ထို | ဖြိုးမင်းထက် မုပ္ပလင်(အမျိုးသား) ကုန်ထုတ်စခန်း၊ ကျိုက်ထိုမြို့နယ် | အကစ | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၃၀ | ၂၃-၁၀-၂၀၂၁ | ချင်း | ကန်ပက်လက် | ဦးလိန်ကွီး(၅၀)နှစ် မြို့မ(၂)ရပ်ကွက်၊ ကန်ပက်လက်မြို့ | မြို့နယ်သစ်တော ဦးစီးဌာန (တောခေါင်း) | ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းခံရ။ | |
| ၃၁ | ၃၀-၁၀-၂၀၂၁ | မကွေး | ထီးလင်း | ဦးကျောက်ခဲ | ထွေ/အုပ် စာရေး | ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းခံရ။ | |
| ၃၂ | ၂-၁၁-၂၀၂၁ | မကွေး | ဆော | ဒေါ်မိန်းမန်းကီးရောင် တောင့်တက်ကျေးရွာ၊ ဆောမြို့နယ် | သားဖွားဆရာမ | ဖမ်းဆီးခေါ်ဆောင်၍ ချောင်းအတွင်းသို့ မျှောချသတ်ဖြတ်ခြင်းခံရ။ | |
| ၃၃ | ၂-၁၁-၂၀၂၁ | မကွေး | ဆော | ဒေါ်ဇင်လှလှငယ် တောင့်တက်ကျေးရွာ၊ ဆောမြို့နယ် | သားဖွားဆရာမ | ဖမ်းဆီးခေါ်ဆောင်၍ ချောင်းအတွင်းသို့ မျှောချသတ်ဖြတ်ခြင်းခံရ။ | |
| ၃၄ | ၅-၁၁-၂၀၂၁ | ရန်ကုန် | မြောက်ဥက္ကလာပ | (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့ | ကျောင်းဆရာမ | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၃၅ | ၉-၁၁-၂၀၂၁ | ရန်ကုန် | မင်္ဂလာဒုံ | မသန်းသန်းစိုး သဃ်န်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့ | မစဖ(မင်္ဂလာဒုံ) သန့်ရှင်းရေးဝန်ထမ်း | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၃၆ | ၁၁-၁၁-၂၀၂၁ | ကချင် | ရွှေကူ | ဦးလေးခိုင် | သင်္ဘောသား | လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၃၇ | ၁၁-၁၁-၂၀၂၁ | မန္တလေး | ဝမ်းတွင်း | ဒေါ်စိန်ကြည် | ကျောင်းဆရာမ | သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ။ | |
| ၃၈ | ၁၅-၁၁-၂၀၂၁ | မကွေး | မြိုင် | ဒေါ်စောစန္ဒာရွှေ | ကျောင်းစာရေး (အထက-မင်းကံ) | သေနတ်၊ ဓားများဖြင့် သတ်ဖြတ်ခြင်းခံရ။ | |

# ၁-၂-၂၀၂၁ ရက်မှ ၁၆-၁၁-၂၀၂၁ ရက်ထိ ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒဏ်ရာရရှိသည့် အစိုးရဝန်ထမ်းများစာရင်း

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | မြို့နယ် | အမည် | အလုပ်အကိုင် | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၇-၄-၂၀၂၁ | မန္တလေး | ပုသိမ်ကြီး | ဦးဝင်းမင်းထွန်း | ဒုမြို့နယ်ပညာရေးမှူး | ဓားများဖြင့် ထိုးခုတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၂ | ၄-၅-၂၀၂၁ | ကယား | ဖရူဆို | ဦးအောင်မြင့်ထွန်း ဒေါ်ချောစုမာ | မစဖမှူး(ဖရူဆို)၊ ဒုဦးစီးမှူး | လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၂ |
| ၃ | ၆-၅-၂၀၂၁ | စစ်ကိုင်း | ယင်းမာပင် | ဦးနန္ဒအောင် ဦးထွန်းမောင်ရှိန် | တောအုပ်ကြီး ၊ တောအုပ် | တုတ်/ဓားများဖြင့် ထိုးခုတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၂ |

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | မြို့နယ် | အမည် | အလုပ်အကိုင် | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၄ | ၁၁-၅-၂၀၂၁ | ရှမ်း | မူဆယ် | ဦးမင်းအောင်အေး | ညွှန်ကြားရေးမှူး (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် | သေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိ။ | ၁ |
| ၅ | ၁၂-၅-၂၀၂၁ | ကရင် | ကြာအင်းဆိပ်ကြီး | သီဟကျော် | မစဖရုံး ညစောင့် | လက်ပစ်ဗုံး ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ။ | ၁ |
| ၆ | ၁၄-၅-၂၀၂၁ | ကချင် | မိုးမောက် | ဦးစံနီ(စိစစ်ဆဲ)ပါ ၄ ဦး | မစဖရုံး ဝန်ထမ်း | လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိ။ | ၄ |
| ၇ | ၂၅-၅-၂၀၂၁ | ဧရာဝတီ | ပုသိမ် | ဇော်လင်းထက် | နေ့စားမီတာ စာရေး | လက်လုပ်မိုင်း ပေါက်ကွဲခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၈ | ၂၉-၅-၂၀၂၁ | နေပြည်တော် | ဇမ္ဗူသီရိ | ဦးဟန်ဝင်းလှိုင် မရွှေရည်ဝင်း | ဒုလဝကမှူး၊ အငယ်တန်းစာရေး | ဓားဖြင့် ခုတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၂ |
| ၉ | ၃၁-၅-၂၀၂၁ | ပဲခူး | ကျောက်တံခါး | ဦးဖိုးငို | ဆေးရုံသန့်ရှင်းရေးဝန်ထမ်း | လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ။ | ၁ |
| ၁၀ | ၃၁-၅-၂၀၂၁ | မကွေး | ဂန့်ဂေါ | သိန်းဇော်ဦး | ဆေးရုံအထွေထွေလုပ်သား | လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ။ | ၁ |
| ၁၁ | ၃-၆-၂၀၂၁ | ဧရာဝတီ | ပန်းတနော် | ဒေါ်မိုးမိုးဝင်း | မူလတန်းပြ | ဓားဖြင့် ခုတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၁၂ | ၄-၆-၂၀၂၁ | စစ်ကိုင်း | ခင်ဦး | ဒေါ်ဆွေဆွေသန်း | ကျောင်းဆရာမ | တူမီးသေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၁၃ | ၄-၆-၂၀၂၁ | ပဲခူး | နတ်တလင်း | ဦးဝဏ္ဏစည်သူ ဦးဇော်ဇော် ဒေါ်ချစ်ဒေဝီစံ ဦးအောင် ကျော်ဇင် ဦးအေးမြတ်ကို | ကျောင်းအုပ် လယ်ပြ လယ်ပြ မူပြ မူပြ | လက်လုပ်မိုင်း ၁ လုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၅ |
| ၁၄ | ၅-၆-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | ဦးစောလူးသာ | အငယ်တန်းစာရေး | တူမီးသေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၁၅ | ၉-၆-၂၀၂၁ | စစ်ကိုင်း | မုံရွာ | ဦးဝင်းတင်သန်း | စာရေး မစဖမှူးရုံး (ကျောက်ဆစ်ပုံတောင်ကျေးရွာ) | တုတ်ဖြင့် ရိုက်နှက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၁၆ | ၁၂-၆-၂၀၂၁ | ရန်ကုန် | ဗဟန်း | ဒေါ်ရီရီမြင့် | စည်ပင်ဝန်ထမ်း | လက်လုပ်ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၁၇ | ၂၁-၆-၂၀၂၁ | ရန်ကုန် | ကြည့်မြင်တိုင် | ဦးနန်းသိန်း | မစဖ(ဝန်ထမ်း) | ဓားဖြင့် ထိုးခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၁၈ | ၂၂-၆-၂၀၂၁ | ကချင် | မိုးမောက် | ဦးဇော်ဦး(ခ)မောင်ဦး | ကျောင်းသန့်ရှင်းရေးဝန်ထမ်း | မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၁၉ | ၂၃-၆-၂၀၂၁ | ပဲခူး | သဲကုန်း | ဦးမျိုးထွန်း | ထွေအုပ် စာရေး | လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၂၀ | ၂၄-၆-၂၀၂၁ | စစ်ကိုင်း | စစ်ကိုင်း | ဒေါ်မော်မော်သန်း | သူနာပြု | ဓားဖြင့် ခုတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၂၁ | ၂၄-၆-၂၀၂၁ | မန္တလေး | ညောင်ဦး | ဒေါ်လွင်လွင်ဖြိုး | ကျောင်းအုပ်ဆရာမ | ဓားဖြင့် ထိုးခုတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၂၂ | ၂-၇-၂၀၂၁ | ရန်ကုန် | လှိုင် | ဦးတင့်နိုင် | လျှပ်စစ်ဝန်ထမ်း | လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၂၃ | ၇-၇-၂၀၂၁ | ပဲခူး | ပဲခူး | သီဟမိုး | စည်ပင်သန့်ရှင်းရေးဝန်ထမ်း | လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၂၄ | ၁၄-၇-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | ဦးကျော်သူလင်း | တောခေါင်း | တူမီး/လက်လုပ်သေနတ်/ လေးခွများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၂၅ | ၁၆-၇-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | ဦးခင်မောင်တင် ဦးစိုးမြင့်ပါ ဝန်ထမ်း (၆)ဦး | ကြီးကြပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ | လက်လုပ်ရီမုမိုင်း ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၇ |
| ၂၆ | ၁၈-၇-၂၀၂၁ | စစ်ကိုင်း | ဗန်းမောက် | ဦးကျော်စိုး | လ/ထညွှန်မှူး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | သေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၂၇ | ၃၁-၇-၂၀၂၁ | မန္တလေး | ကျောက်ဆည် | ကျော်မင်းခန့် | EPC ဝန်ထမ်း | ဓားများဖြင့် ခုတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၂၈ | ၁-၈-၂၀၂၁ | ကချင် | မိုးမောက် | ဦးကျော်ရွှေ | မနအမှူး(မိုးမောက်) | သေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၂၉ | ၉-၈-၂၀၂၁ | စစ်ကိုင်း | ကောလင်း | ဦးသန်းဇော်ဟိန်း | စည်ပင်ဝန်ထမ်း | လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၃၀ | ၂၉-၈-၂၀၂၁ | ကယား | လွိုင်ကော် | အောင်ကျော်ဖြိုး | လ/ထဦးစီး ပင်းတယအခွန်ရုံး | လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၃၁ | ၂၉-၈-၂၀၂၁ | မန္တလေး | မတ္တရာ | ဦးကျော်သူဦး | ကျေးလက်ကျန်းမာရေးမှူး | လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၃၂ | ၁၁-၉-၂၀၂၁ | မန္တလေး | အောင်ပင်လယ် | ဒေါ်ဖြူဖြူလတ် | မူလတန်းပြ | လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၃၃ | ၁၂-၉-၂၀၂၁ | မန္တလေး | စဉ့်ကူး | ဒေါ်ဆွေဇင်ဝင်း | ထွေ/အုပ် ရပ်ကျေးစာရေး | ဓားများဖြင့် ထိုးခုတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၃၄ | ၁၉-၉-၂၀၂၁ | မန္တလေး | စဉ့်ကိုင် | ဦးအောင်ဝင်း | စက်ခေါင်းမောင်း | မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိ။ | ၁ |
| ၃၅ | ၂၆-၉-၂၀၂၁ | စစ်ကိုင်း | ကနီ | ဦးလှိုင်ဝင်းအောင် | လဝက ဦးစီးမှူး | ဝိုင်းဝန်းထိုးနှက်မှုတို့ကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၃၆ | ၂၆-၉-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | မင်းမော်ခန့် | လျှပ်စစ်ရုံးစာရေး | လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၃၇ | ၂၈-၉-၂၀၂၁ | စစ်ကိုင်း | ဆားလင်းကြီး | ဦးတင်စိုး | မူပြ | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၃၈ | ၃၀-၉-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | ဦးအောင်ကျော်မိုး | လဝကမှူး | လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုတို့ကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၃၉ | ၃၀-၉-၂၀၂၁ | မကွေး | ဆော | ဦးအောင်သူလတ် | အငယ်တန်း (ရပ်/ကျေး)စာရေး | ဆွဲမိုင်းများဖြင့် မိုင်းခွဲတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၄၀ | ၃-၁၀-၂၀၂၁ | မန္တလေး | ငါန်းဇွန် | ဒေါ်မြသန်းငွေ | ကျောင်းဆရာမ | သေနတ်/ဓားများဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၄၁ | ၁၁-၁၀-၂၀၂၁ | မကွေး | နတ်မောက် | မြတ်ကို | ဒန့်ဒလွန်ပင်ကျေးရွာအုပ်စု အငယ်တန်းစာရေး | သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၄၂ | ၁၅-၁၀-၂၀၂၁ | မန္တလေး | ပုသိမ်ကြီး | မိုးထက်နိုင် | ရုံးအကူ မြေစာရင်းဦးစီးမှူးရုံး | လက်လုပ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၄၃ | ၁၈-၁၀-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | ဦးဝင်းနိုင် | လ/ထညွှန်မှူး (စည်ပင်) | လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၄၄ | ၁၈-၁၀-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | ဦးငွေဇော်ဦး | ဒုလ/ထ ကြီးကြပ်ရေးမှူး (စည်ပင်) | လက်လုပ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၄၅ | ၁၈-၁၀-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | ဒေါ်သူဇာနွယ် | ဒုဦးစီးမှူး မြို့နယ်အခွန်ဦးစီးဌာန | အောက်တိုဘာလ ၁၈ ရက်တွင် မြို့သစ်(၁)ရပ်ကွက် လက်လုပ်မိုင်းဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၄၆ | ၁၉-၁၀-၂၀၂၁ | မွန် | သထုံ | မထိုက်ထိုက်ငွေအောင် | ကွန်ပျူတာဝန်ထမ်း (ခရိုင်ထွေ/အုပ်) | လက်လုပ်မိုင်းဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၄၇ | ၂၁-၁၀-၂၀၂၁ | စစ်ကိုင်း | ဘုတလင် | ဦးသန့်ဇင်လှိုင် | လျှပ်စစ်ဝန်ထမ်း | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုတို့ကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၄၈ | ၂၅-၁၀-၂၀၂၁ | မွန် | ကျိုက်ထို | ဦးအောင်မြတ်ထွန်း | ကျန်းမာရေးမှူး | လက်လုပ်မိုင်းဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၄၉ | ၃၀-၁၀-၂၀၂၁ | မကွေး | ပေါက် | မနှင်းမိုးဝေ | အထက(ခွဲ) (ဆင်ဆာ)(မူပြ) | လက်လုပ်မိုင်းဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၅၀ | ၂-၁၁-၂၀၂၁ | ကယား | လွိုင်ကော် | ဦးကျော်စိုးသူ | ညွှန်ကြားရေးမှူး ကယားပြည်နယ် လွှတ်တော်ရုံး | သေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၅၁ | ၄-၁၁-၂၀၂၁ | ရန်ကုန် | မရမ်းကုန်း | ဒေါ်သိမ့်အောင်သူ | ဒေါက်တာ | သေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၅၂ | ၅-၁၁-၂၀၂၁ | စစ်ကိုင်း | တမူး | ဦးမျိုးလွင် | ကျန်းမာရေးမှူး | သေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၅၃ | ၅-၁၁-၂၀၂၁ | စစ်ကိုင်း | တမူး | ဦးညိုတင် | စာတိုက်ဝန်ထမ်း | လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၅၄ | ၈-၁၁-၂၀၂၁ | ရန်ကုန် | တောင်ဥက္ကလာပ | ဒေါ်နွယ်နီလှိုင်ရွှေ | စည်ပင်ဝန်ထမ်း | ဓားဖြင့်ထိုးခဲ့သဖြင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၅၅ | ၁၁-၁၁-၂၀၂၁ | ကချင် | ရွှေကူ | ဦးမောင်မောင်ကျော် ဦးစိုးရယ် ဦးစိုးနိုင်အေး ဦးဉာဏ်လင်းအောင် | ပေါက်တန်းရေယာဉ်စာရေး၊ ရေကြောင်းပြ၊ ရေကြောင်းပြ သင်္ဘောသား | လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုတို့ကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၄ |
| ၅၆ | ၁၂-၁၁-၂၀၂၁ | ပဲခူး | ပဲခူး | ဦးမြင့်ကြည်ဇေလင်းထက် | လျှပ်စစ်ဝန်ထမ်း၊ လျှပ်စစ်ဝန်ထမ်း | လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၂ |
| ၅၇ | ၁၃-၁၁-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | ဦးသန်းလင်း | ကျောင်းဆရာ | တူမီးသေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| ၅၈ | ၁၆-၁၁-၂၀၂၁ | ရန်ကုန် | တိုက်ကြီး | သက်သက်မာ | (ဥက္ကံပြည်သူ့ဆေးရုံ၊ သန့်ရှင်းရေးဝန်ထမ်း) | သေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာများရရှိ။ | ၁ |
| စုစုပေါင်း | | | | | | | ၇၈ ဦး |

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်း အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၃

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်း၏ ဆောင်ရွက်မှုများအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။**

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌဟောင်း ဦးသောင်းထွန်း သည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်စဉ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းပေါ်ရှိ မြေကေ ၉ ဒသမ ၂၂၀ ပေါ်ရှိ မြေနေရာအား ပုဂ္ဂလိကကုမ္ပဏီ တစ်ခုသို့ နှစ် ၃၀ ငှားရမ်းပေးခဲ့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်စပ်လျဉ်းသည့် မြေအသုံးပြုပိုင်ခွင့် အမိန့်ကြော်ငြာစာ) အမိန့်ကြော်ငြာစာအမှတ်၊ ၃၉/၂၀၁၁ နှင့် နိုင်ငံတော် သမ္မတရုံး၏ ညွှန်ကြားချက် ၃/၂၀၁၈ စာပိုဒ် ၂၊ စာပိုဒ်ခွဲ (ဆ) ၌ ငှားရမ်းခသတ်မှတ်ရာတွင် နိုင်ငံပိုင်မြေ၊ အဆောက်အအုံများ တည်ရှိရာဒေသ၏ ကာလပေါက်ဈေးအတိုင်း သတ်မှတ်ရမည်ဟူသော ပြဋ္ဌာန်းချက်ကို လိုက်နာမှု မရှိဘဲဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော် သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု မရှိကြောင်း၊ ရန်ကုန်မြို့တွင် စားသုံးသူရေးရာဦးစီးဌာနပိုင် မြေနေရာသည် ကာလပေါက်ဈေးအရ တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၁၀ နှင့် ၁၅ ဒေါ်လာ ကြားရှိသော်လည်း ပုဂ္ဂလိကကုမ္ပဏီ တစ်ခုနှင့် စာချုပ် ချုပ်ဆိုငှားရမ်းရာတွင် တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဒေါ်လာနှုန်းဖြင့် တစ်နှစ်စာမြေငှားရမ်းခ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သိန်းကျော်ကိုသာ ပေးသွင်းစေခဲ့သဖြင့် တစ်နှစ်အတွက် မြေငှားရမ်းခ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သိန်းကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

ဦးသောင်းထွန်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတာဝန်ထမ်းဆောင်စဉ် ရန်ကုန်မြို့တွင်း မြေငှားရမ်းမှုများတွင် ငှားရမ်းသည့် ကုမ္ပဏီများမှ မြေအသုံးချမှု ပရီမီယံကြေး တစ်ဧကလျှင် အနိမ့်ဆုံးနှုန်းထား အမေရိကန်ဒေါ်လာ ၁ သန်း ရှိကြောင်း၊ သို့သော် ပုဂ္ဂလိကကုမ္ပဏီတစ်ခုအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနပိုင် မြေ ၉ ဒသမ ၂၂ ဧကကိုငှားရမ်းရာတွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၂ သန်း အနည်းဆုံး ရရှိရန်ဖြစ်သော်လည်း မြေအသုံးချမှု ပရီမီယံကြေး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သိန်းကျော်သာ ပေးသွင်းစေခဲ့ရာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ သန်းကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ နေပြည်တော်၊ ဘုရားကုန်းမြို့မရဲစခန်းတွင် ယနေ့ ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

---

စာမျက်နှာ ၁၃ မှ

CDM ပြုလုပ်ခြင်း မရှိဘဲ အခကြေးငွေရယူ၍ တရားမဝင် အချိန်ပိုင်း သွားရောက်လုပ်ကိုင်သူ လှိုင်ကော် ပြည်သူ့ဆေးရုံမှ သူနာပြုအကူ ၁၀ ဦး ပါဝင်ကြောင်း၊ CDM ပြုလုပ်ခဲ့သည့် ဆရာဝန်များနှင့် သူနာပြုများမှာ မတ်လတွင် ပုဒ်မ-၅၀၅(က)ဖြင့် အမှုဖွင့်လှစ်ထားခြင်း ခံရသူများ ဖြစ်ပြီး ထွက်ပြေးတိမ်းရှောင် လျက်ရှိသူများ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားမဝင် ဆေးကုသမှုခံယူနေသော လူနာ ၄၈ ဦးအား မွန်းလွဲ ၁ နာရီခန့်တွင် လှိုင်ကော်မြို့ရှိ ပြည်သူ့ဆေးရုံသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်၍ ဆေးကုသမှုပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

CDM ပြုလုပ်ခဲ့သော မြို့နယ်ကုသရေးဦးစီးဌာနမှ ဆရာဝန်များ။


ဒေါက်တာ ဖြိုးမောင်မောင်



ဒေါက်တာ ဘာဘာရာငယ်ငယ်

CDM ပြုလုပ်ခဲ့သော လှိုင်ကော်ပြည်သူ့ဆေးရုံမှ သူနာပြုများ။


Sister နော်ဖောမူး


Sister စုစန္ဒီထွေး


Sister ဒေါ်ဂျယ်မားနာ


Sister နော်လွဲကပေါ

CDM ပြုလုပ်ခြင်းမရှိဘဲ အခကြေးငွေရယူ၍ တရားမဝင်အချိန်ပိုင်းသွားရောက်လုပ်ကိုင်သည့် လှိုင်ကော်ပြည်သူ့ဆေးရုံမှ သူနာပြုအကူများ။


နန်းအေးမွန်ထွေး(သူနာပြုအကူ)


ဖရန်စစ်စကာ(သူနာပြုအကူ)


မနှင်းဝေ(သူနာပြုအကူ)


စိုင်းသန်းထက်စိုး(သူနာပြုအကူ)


နိုင်သူရလင်း(သူနာပြုအကူ)



မျိုးသန့်ဇင်(သူနာပြုအကူ)

CDM ပြုလုပ်ခြင်းမရှိဘဲ အခကြေးငွေရယူ၍ တရားမဝင်အချိန်ပိုင်းသွားရောက်လုပ်ကိုင်သည့် လှိုင်ကော်ပြည်သူ့ဆေးရုံမှ သူနာပြုအကူများ။


ချားမင်းဆက်(သူနာပြုအကူ)


ဖြိုးဟိန်းသူ(သူနာပြုအကူ)


ညီညီစု(သူနာပြုအကူ)


မာနွေးလယ်(သူနာပြုအကူ)

တရားဝင်ဆေးကုသခွင့်မရရှိသေးသည့် အလုပ်သင်ဆရာဝန်များ။


ဒေါက်တာ စောအီရယ်


ဒေါက်တာ ဥမော်ဂေ့ဖိုး

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၁၁-၂၀၂၁ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ေမာရ္ဟသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** သာစွဘွာနေ မော်လိုက်မြေ
**၀၉:၁၅** မွေးမြူရေးရာအဖြာဖြာ
**၀၉:၃၅** သုတိုဒေသ သုတိုဘ၀
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း 'စံပယ်ဖြင့်တိုင်းတာခြင်း'
**၁၁:၄၅** ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၁၂:၅၀** အကွေ့နှင့်အရှေ့သမိုင်းဖြစ်ရပ်မှန် (အပိုင်း-၅)
**၁၃:၃၀** MRTV National News
**၁၄:၀၀** 'ဦးဦးတို့အငြိမ့်'
**၁၆:၃၅** အသိပညာနှင့်အမှန်တရား
**၁၇:၁၀** ခေတ်အလိုက်ကြေးမုံပြင် 'မြန်မာ့သမိုင်းအကြိုခေတ်နှင့် ဖြို့ပြယဉ်ကျေးမှုပြခန်း'
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'မာယာမျက်နှာဖုံး' (အပိုင်း-၁၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** အကွေ့နှင့်အရှေ့သမိုင်းဖြစ်ရပ်မှန် (အပိုင်း-၆)
**၂၁:၄၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၂:၀၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း-၃၃)

**သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Lithuania Pavilion at Expo 2020 Dubai
**07:36** Discovering Tribes: Taung Yoe (Their Life and Customs)
**08:01** Awesome Myanma Sculptures
**08:15** Equestrian Contest on Pa-O Land
**08:26** Myanmar Masterclass: Artist Win Pe
**08:39** A Visit To Ye
**09:01** Myanmar Childhood Games (Episode-1)
**09:10** Atuladhipati Mahamunisacca Koe Htat Kyee Pagoda
**09:27** Entrepreneur - U Nyan Lin
**09:40** Star Bean Production
**10:01** An Aficionado of Alluring Antiques
**10:33** Myanmar's Beauty and Nature "Beach"

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
စိတ်ညစ်နေတဲ့မာကူ(ပုံပြင်)
**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တိမ်တိုက်ကြားကဘောဂလီမြို့
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သမိုင်းဝင်ဘုရင့်ညီနောင်လိုဏ်ဂူတော်အကြောင်း
**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အမိမြန်မာပြည်(အပိုင်း-၃)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဘုံတာလာရေတံခွန်အကြောင်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဝဝဲယဉ်ကျေးမှု
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
နံ့ထဲကရွှေကြာ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပင်လောင်းရှမ်းစတူ
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားစရာများ (အပိုင်း-၁၁)
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဗိုင်ဝါးရိုးရာခေါင်းပေါင်းပေါင်းနည်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်မလောနဲ့'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS တို့ နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel တို့ ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့"

"Orange the world: End violence against women now!"

၂၅-၁၁-၂၀၂၁ နေပြည်တော်

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် နိုဝင်ဘာ ၂၃ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Booster တစ်ခု၊ Aneroid Sphygmomanometer ၂၀၀၊ Stethoscope ၂၀၀၊ Oxygen Cylinder ၁၄၁၀၊ Oxygen Plant ကိုးခု၊ ဆေးဝါးမျိုးစုံ ၅၅ မျိုး၊ စုစုပေါင်း (၃၀၈၇၂၄ ဒသမ ၆၉) Kg၊ နယ်စပ် (မြဝတီ) တွင် ကုမ္ပဏီ တစ်ခုမှ Liquid Oxygen (၁၅၃၁၅) $m^3$ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**တတ်နိုင်သမျှ မိမိအိမ်တွင်သာ နေပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၁၁ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၇၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၇၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၇၀၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၆၅/၁၂၉၅ ကျပ် | ၁၂၈၅/၁၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၇၅/၁၃၀၅ ကျပ် | ၁၃၀၀/၁၃၇၆ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၁၀/၁၃၃၅ ကျပ် | ၁၃၆၅/၁၄၅၇ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၆၀/၁၃၈၅ ကျပ် | ၁၄၇၀/၁၅၁၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၈၄ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၀၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၆ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၉၅၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၄ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၃၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၄၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၆၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၄၀ | ၃၄၇၀၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၁၀၅၁ | ၃၃၆၃၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၆၅၀ | ၁၀ | ၂၆၇၀၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၂၀၀ | ၅၇၀၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂ | ၁၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

(၁၀၁)နှစ်မြောက် အမျိုးသားနေ့ ဂုဏ်ပြုဆောင်းပါး

# သူ့ကျွန်အဖြစ် နှံ့နှစ်မခံ အကြမ်းမဖက် လူထုနည်းဖြင့် အနိုင်ရရှိခဲ့သော အမျိုးသားနေ့အောင်ပွဲကြီး

*စန်းနီလာဝင်း*

အားတကာ အားတွင် “ပညာအား”သည် အကြီးမားဆုံးသော အင်အားတစ်ရပ်ဖြစ်သည်။ (Education is Power)။ ထို့ပြင် ပညာရေးသည် ဒီမိုကရေစီ၏ အခြေခံလည်း ဖြစ်သည်။ ပညာရေး အားနည်းချို့တဲ့လျှင် ဒီမိုကရေစီလုံးဝမအောင်မြင်နိုင်ပါ။

**ကိုလိုနီကျွန်ပညာရေးစနစ်ဆိုးနှင့် သခင်မျိုးဟေ့ ဒို့ဗမာ**

ယခု ကျွန်ုပ်သည် ကျောင်းသားများ၏ သပိတ်မှောက်မှုနှင့် ပတ်သက်၍ ပြောကြားပါမည်။ သင်တို့အား ပထမဦးစွာ သင်ကြားပေးသင့်သည့် ပညာရေးမှာ မိမိကိုယ်ကို အားကိုးရေးနှင့် မိမိကိုယ်ကို ယုံကြည်မှုရှိရေးဖြစ်ပါသည်။ သို့မှသာ သင်တို့ ကောလိပ်ကျောင်းမှထွက်လျှင် သင်တို့ကိုယ်သင်တို့ အစိုးရအမှုထမ်းများအဖြစ်သာမဟုတ်ဘဲ လွတ်လပ်သောသူများအဖြစ် ကမ္ဘာပေါ်တွင် နေရာရနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံမှာကဲ့သို့ မြန်မာနိုင်ငံ၌လည်း အစိုးရအမှုထမ်းများကို မွေးထုတ်သော ပညာရေးမှ အင်ဂျင်နီယာများ၊ ကုန်သည်များ အစရှိသည်တို့ကို မွေးထုတ်ပေးသော ပညာရေးဖြစ်အောင် ပြောင်းလဲစေချင်ကြောင်း ပညာရေးနှင့်ပတ်သက်၍ ဤတိုင်းပြည်တွင် များစွာခေတ်နောက်ကျနေကြောင်း တွေ့ရသည်။ အိန္ဒိယနိုင်ငံထက်ပင် နောက်ကျနေသေးသည်။

အင်္ဂလိပ်အုပ်ချုပ်သူ လူတန်းစားတို့သည် များပြားလှသော သာမန်ပြည်သူလူထုအတွက် ရသင့်ရထိုက်သော “သခင်လူတန်းစား”တို့ သင်ရသောပညာနှင့် ခြားနားကွဲပြားသင့်သည်ဟု ထင်မှတ်နေကြကြောင်း၊ အင်္ဂလန်နိုင်ငံအစိုးရသည် များစွာသော ဆင်းရဲသားများကို အစေခံအလုပ်သမားဖြစ်စေသော ပညာမျိုးကိုသာလျှင် ပေးကြောင်း။

စစ်မှန်သော ပညာရေးဆိုသည်ကား လူ့ဂုဏ်အင်္ဂါနှင့် ပြည့်စုံသူများကို မွေးထုတ် ပေးခြင်းဖြစ်ပြီး အတုအယောင်ပညာရေးဆိုသည်ကား တစ်ပါးသူတို့အတွက် အစေခံများကို မွေးထုတ်ပေးခြင်းပင်ဖြစ်ကြောင်း ... စသည်ဖြင့် ဗြိတိသျှပါလီမန်အမတ်ဖြစ်သူ “ကာနယ် မစ္စတာဝက်ဝုဒ်”(Colonel and Mr. Wedgwood) သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ တရားမျှတမှုမရှိသော ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ဥပဒေကို မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိကြသည့် တက္ကသိုလ်ကျောင်းသားခေါင်းဆောင် လူငယ်လူရွယ်များက သပိတ်မှောက်ကြစဉ် သူတို့အား တွေ့ဆုံအားပေးပြီး အကြံဉာဏ်များ ပေးခဲ့သည်။

**ကျွန်ပညာကြေပျက်စေသော အမျိုးသားပညာရေး အားပေးကြပါ**

ထိုကြွေးကြော်သံသည် သပိတ်မှောက်ကျောင်းသားများ ချီတက်ဆန္ဒပြကြစဉ် ကိုင်ဆောင်ထားသည့် ကြွေးကြော်သံဆောင်ပုဒ်တစ်ခု ဖြစ်သည်။ စာရေးသူတို့ ငယ်စဉ်က မူလတန်းကျောင်းသားအရွယ် ဆော့ကစားစဉ်က စာရေးသူ၏ ဇာတိမြေ စစ်ကွင်းမြို့မှ သခင်စောကြီးဆိုသူသည် တို့ဗမာ အစည်းအရုံးခေါင်းဆောင် သခင်တစ်ဦး



အမျိုးသားနေ့ ရွှေရတုသဘင် (၁၉၇၀ ပြည့်နှစ်) အခမ်းအနားတွင် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် သပိတ်မှောက် ကျောင်းသားခေါင်းဆောင်များနှင့် ကျောင်းသားဟောင်းများအား တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက ဂါရဝပြု နှုတ်ဆက်စဉ်။

ဖြစ်ပြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့နှင့်အတူ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကြီးများတွင် ပါဝင်ဆင်နွှဲခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

“သခင်စောကြီး ကျန်းမာပါစေ၊ သခင်မျိုးဟေ့ ဒို့ဗမာ” ဟူသော ကြွေးကြော်သံကို သံပြိုင်သီဆိုကြရင်း ပြေးလွှားဆော့ကစားရင်းက ဘဘကြီး “သခင်စော” လာသည်ကို မြင်သည်နှင့် ညီညာဖြဖြ ဦးညွှတ်ကြိုဆိုခဲ့ကြသည်။ သို့သောအခါ ဘဘ “သခင်စောကြီး” ကလည်း လက်သီးလက်မောင်းဆန့်တန်းပြီး ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်ကာ စာရေးသူတို့ ကလေးငယ်များကို မုန့်များ ဝေငှပေးခဲ့သည်ကို ပြန်လည်အမှတ်ရနေမိပါသည်။ သခင်စောကြီး၊ သခင်မကြီး ဒေါ်အေးပိုနှင့် သမီး ဒေါ်စောစတို့သည် သူတို့မကွယ်လွန်မီကတည်းကပင် နေအိမ်နှင့် ပိုင်ဆိုင်မှုမှန်သမျှကို ဆေးရုံဆောက်လုပ်ရန် လှူဒါန်းထားခဲ့သည်။ ကျေးဇူးရှင် မြို့မိမြို့ဖ နိုင်ငံ့ဂုဏ်ဆောင် ပုဂ္ဂိုလ်များပင် ဖြစ်ကြသည်။

စာရေးသူတို့ ငယ်စဉ်က အမျိုးသားနေ့ အောင်ပွဲအထိမ်းအမှတ်အဖြစ် အမြို့မြို့အနယ်နယ်တို့တွင် အစိုးရအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းတိုင်းမှ ဆရာဆရာမတို့က ဦးဆောင်ကြီးကြပ်သင်ပြပေးကာ ကြွေးကြော်သံများဖြင့် လှည့်လည်စီတန်းလမ်းလျှောက်ကြသလို မြို့ပေါ်ရှိ လွတ်လပ်ရေးကျောက်တိုင်အနီးတွင် ဇာတ်စင်ကြီး တစ်စင်ဆောက်ထားကာ ကျောင်းအလိုက် ကျောင်းသူကျောင်းသားများ၏ အိုးစည်ဒိုးပတ် ပြိုင်ပွဲ၊ ယိမ်းအကများ တစ်ခန်းရပ်ပြဇာတ်များဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ပျော်ရွှင်ခဲ့ရပုံကို ယနေ့တိုင် မမေ့နိုင်ဖြစ်ရသည်။

**အမျိုးသားပညာရေးလှုပ်ရှားမှုကြီးကို တစ်နိုင်ငံလုံး လူထုနည်းဖြင့် ဆင်နွှဲခဲ့**

၁၉၇၀ ပြည့်နှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် အမျိုးသားနေ့ ရွှေရတုသဘင် အခမ်းအနားကြီးကို ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တက္ကသိုလ်၌ စာရေးသူက ပညာသင်ကြားနေဆဲဖြစ်သောကြောင့် အမျိုးသားနေ့ ရွှေရတုသဘင်အခမ်းအနားရော အမိရန်ကုန်တက္ကသိုလ်ကြီး၏ ရွှေရတုသဘင်အခမ်းအနားကြီးကိုပါ ပါဝင်ဆင်နွှဲခွင့်ရရှိခဲ့သောကြောင့် တစ်သက်တစ်ခါ ထူးခြားလှစွာကြုံတွေ့ပါဝင်ခဲ့ရသည့် ဒုလ္လဘတစ်မျိုးဟု ဆိုချင်ပါသည်။ ထိုစဉ်က တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်၍ ရန်ကုန်မြို့ကန်တော်ကြီး မြေပဒေသာကျွန်းတွင် အမျိုးသားနေ့ ရွှေရတုသဘင်အခမ်းအနားကြီးကို ခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ခေါင်းဆောင် ကျောင်းသားဟောင်းကြီးများနှင့် တွေ့ဆုံဂုဏ်ပြုခဲ့သည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးတွင် သပိတ်မှောက်ကျောင်းသားခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံပွဲ ဟောပြောပွဲများကို ကျင်းပခဲ့ရာ သပိတ်မှောက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ဆရာကြီး ဦးလူဖေဝင်း (ရှေးဟောင်းသုတေသန ကျောက်စာဝန်-ငြိမ်း) က အမျိုးသားနေ့အတွေ့အကြုံများကို အင်္ဂလိပ်ဘာသာဖြင့် ဟောပြောခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်မှ သမိုင်းပါမောက္ခ ဆရာဦးတင်အုန်း၊ ဥပဒေ ပါမောက္ခ ဆရာဦးတင်အုံးတို့က အမျိုးသားနေ့ဆိုင်ရာ ရှားပါးအချက်အလက်များကို ဆက်လက်ဟောပြောခဲ့ကြသည်။

ထို့ကြောင့် စာရေးသူအတွက် အဘိုးအရွယ် ရန်ကုန်တက္ကသိုလ် သပိတ်မှောက် ခေါင်းဆောင်ကျောင်းသားဟောင်းကြီးများ၏ အတွေ့အကြုံများကို မေးမြန်းသိရှိကာ သတင်းစာ၊ မဂ္ဂဇင်း၊ ဆောင်းပါးများ ရေးသားနိုင်ခဲ့ပါသည်။ အလားတူ ရန်ကုန်ရွှေရတုသဘင်အခမ်းအနားကြီးတွင် ပါဝင်ဆင်နွှဲခွင့်ရရှိခဲ့သည့်အပြင် ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်နှင့် နှစ် ၁၀၀ ပြည့် ရန်ကုန်တက္ကသိုလ်အခမ်းအနားကြီးတို့တွင် စာနယ်ဇင်းဆိုင်ရာ တာဝန်ခံ တစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိခဲ့သဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူ ပီတိဖြစ်ခဲ့ရပါသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့ (၁၂၈၂ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့) တွင် ရန်ကုန်ကောလိပ်မှ ကျောင်းသားခေါင်းဆောင် ၁၁ ဦးတို့သည် ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်ရှိ စနေထောင့်တွင် စုဝေးဆွေးနွေးတိုင်ပင်ကာ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေ တစ်ဖက်သတ် ပညာရေးဖိနှိပ်မှုများကို တစ်နိုင်ငံလုံး လူထုနည်းဖြင့် အကြမ်းလုံးဝမဖက်ဘဲ စည်းကမ်းရှိစွာ သပိတ်မှောက်ရန် စီစဉ်ဆုံးဖြတ်ခဲ့ကြသည်။ ထိုသဘောတူဆုံးဖြတ်ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြီး ကတိသစ္စာပြုကာ လက်မှတ်ရေးထိုးခဲ့ကြသည်။ "We, the following, are the leader of the movement in boycotting the Rangoon University. We affirm it on oath that we will stand by or fall together in case our movement miscarries 3–12–1920"

မြန်မာဘာသာပြန်ဆိုပါက – “အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့သည် ရန်ကုန်ယူနီဗာစီတီ သပိတ်မှောက်လှုပ်ရှားမှုကြီးတွင် ဦးစီးဦးကိုင်ပြုကြမည့် ခေါင်းဆောင်များဖြစ်သည်။ ကျွန်ုပ်တို့ ဦးစီးဆောင်ရွက်ကြမည့် လှုပ်ရှားမှုသည် အကယ်၍ အောင်မြင်မှုမရဘဲ ချွတ်ချော်တိမ်းပါးခဲ့သော် ကျွန်ုပ်တို့အားလုံးသည် ကျောချင်းယှဉ် ရင်ချင်းအပ်၍ သေအတူရှင်အမျှ ကြံ့ကြံ့ခံ၍ ရပ်တည်ကြရန် သစ္စာမှုကာ အဓိဋ္ဌာန်ပြုပါ၏” ဟူ၍ ဖြစ်သည်။

မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ “ဆာရယ်ဂျီနယ်ကရက်ဒေါက်” သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ကြောင်း ကြေညာမည်ဟု စီစဉ်ထားခဲ့ရာ ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ကျောင်းသားခေါင်းဆောင်များက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့(၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့) တွင် ရန်ကုန်တက္ကသိုလ် ဥပဒေကို စတင်သပိတ်မှောက်ခဲ့သည်။

*စာမျက်နှာ ၂၁ သို့*

**ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ကျောင်းသားခေါင်းဆောင်တို့၏ မျိုးချစ်စိတ်၊ တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်တို့ကို အခြေခံသော မှန်ကန်တရားမျှတသည့် လူထုနည်းဖြင့် စည်းရုံးလှုံ့ဆော်မှုကြောင့် မိဘပြည်သူများ၊ အစိုးရအရာထမ်း၊ အမှုထမ်းများ၊ သူဌေးကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တစ်နိုင်ငံလုံးရှိ အမြို့မြို့အနယ်နယ်မှ ကျောင်းသူ ကျောင်းသားများပါ တစ်ခဲနက် အမျိုးသားပညာရေးလှုပ်ရှားမှုများကို ဆင်နွှဲကာ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ တစ်ဖက်သတ် ကိုလိုနီပညာရေးစနစ်ကို တိုက်ဖျက်ခဲ့ကြသည်**

*စာမျက်နှာ ၂၀ မှ*

**"ယူနီဗာစီတီ ဥပဒေပျက်စီးပါစေ၊ ဆာရယ်ဂျီနယ်ကရက်ဒေါက် ပြန်သွား"**

(Down with the University Act, Sir Reginald Craddock must go)

ဟူသော ကြွေးကြော်သံများကို လက်ကိုင်ပိုစတာ ကြော်ငြာများဖြင့် ဗဟန်းဦးအရိယကျောင်းတိုက်၊ တက္ကသိုလ်သပိတ်မှောက် ကောင်စီဌာနချုပ်ဖြစ်သော ဗဟန်း ဒေါ်ကြုပ်၏ ဇရပ်တို့တွင် စိုက်ထူထားခဲ့ကြပြီး ထိုမှတစ်ဆင့် မြန်မာပြည်တစ်ဝန်းရှိ စာသင်ကျောင်းများဆီသို့ ဖြန့်ချိပေးခဲ့သည်။ ဆက်လက်၍ ရန်ကုန်တက္ကသိုလ်သပိတ်မှောက်ကောင်စီသည် တိုင်းပြည်သို့ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

**တိုင်းသူပြည်သားများသို့**

"ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ရှိ ကျွန်တော်တို့ ကျောင်းသားအားလုံးတို့သည် အဆုံး၌ ဘယ်လိုဖြစ်မည်ကို သေချာမသိရသေးသော ကိစ္စတစ်ခုကို စတင်၍ပြုလုပ်ကြပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် တရားနည်းလမ်းမှန်ကန်ကြောင်းကို ကောင်းမွန်ခိုင်မြဲစွာ သိရှိရပါသည်။ ကျွန်တော်တို့သည် တစ်တိုင်းပြည်လုံး ကျွန်တွင်းကမည်သည့်အခါမှ မလွတ်ကင်းမည့် ဖြူရိုကရက်တို့၏ သိပ္ပံကျောင်းဥပဒေကို ထုချေဖျက်ဆီးရန် အကြံရှိပါသည်။ ကျွန်တော်တို့သည် တိုင်းသူပြည်သားတို့၏ စိတ်အားထက်သန်သော အကူအညီအားဖြင့် လူငယ်များတို့က ခုခံဖြိုဖျက်ခြင်းမှတစ်ပါး အခြားနည်းဖြင့် တိုင်းပြည်ကို ကယ်ဆယ်ဖို့ရာ နည်းလမ်းမရှိပြီဟု ယုံကြည်ပါ၏။

ကျွန်တော်တို့သည် မြန်မာနိုင်ငံရှိ လူအများတို့၏ ပညာအဆီအနှစ်နှင့် ပြည့်စုံသော ကျောင်းသားများဖြစ်မည်ကို ရည်သန်၍ ကူညီစောင်မဖို့ရန် တောင်းပန်ပြောကြားပါသည်။ ကျွန်တော်တို့စိတ်ထဲ၌ စွဲမြဲစွာယုံကြည်သော ဤလုပ်ငန်းကြီးသည် တိုင်းပြည်၌ လိုအပ်သော အချက်ကြီးတစ်ခုကို ထုတ်ဖော်ပြောဆိုခြင်းပင်မည်ပါသည်။ (ဤကား အခြားမဟုတ် အမျိုးသားသိပ္ပံကျောင်းကြီးပေတည်း။)

ထိုကျောင်းကြီးမှာ မြန်မာနိုင်ငံ၏ သားသမီးများနှင့် သင့်လျော်သော ပညာရပ်များကို ရနိုင်ရာပေသည်။ အိန္ဒိယနိုင်ငံ၌ အမျိုးသားကျောင်းများ အလိုအလျောက် ပေါ်ပေါက်လာကြပေရာ မြန်မာနိုင်ငံကလည်း နောက်မကျရအောင် မြန်မာတို့သည် နိုင်ငံသားစစ်၍ ချစ်ခဲ့ပါလျှင် ဘယ်နံရောအခါမျှ မတည်ထောင်နိုင်ဘဲ ရှိလိမ့်မည်မဟုတ်ပါ။ စိတ်ပါလက်ပါလုပ်လျှင် မုချဖြစ်ပါလိမ့်မည်" ဟူ၍ ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ကျောင်းသားခေါင်းဆောင်တို့၏ မျိုးချစ်စိတ်၊ တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်တို့ကို အခြေခံသော မှန်ကန်တရားမျှတသည့် လူထုနည်းဖြင့် စည်းရုံးလှုံ့ဆော်မှုကြောင့် မိဘပြည်သူများ၊ အစိုးရအရာထမ်း၊ အမှုထမ်းများ၊ သူဌေးကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တစ်နိုင်ငံလုံးရှိ အမြို့မြို့အနယ်နယ်မှ ကျောင်းသူကျောင်းသားများပါ တစ်ခဲနက် အမျိုးသားပညာရေးလှုပ်ရှားမှုများကို ဆင်နွှဲကာ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ တစ်ဖက်သတ် ကိုလိုနီပညာရေးစနစ်ကို တိုက်ဖျက်ခဲ့ကြသည်။ ငွေကြေးတတ်နိုင်သူများ၊ အလှူ့ရှင်များကလည်း သပိတ်မှောက်ကျောင်းသူကျောင်းသားများ၏ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာရေးအတွက် အဆင်ပြေအောင် ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးခဲ့ကြသည်။ ကိုယ့်အားကိုယ်ကိုး အမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်ရန် ဝိုင်းဝန်းလှူဒါန်းခဲ့ကြသည်။

**အမျိုးသားကျောင်းများနှင့် အမျိုးသားကျောင်းဆရာ ဆရာမများ**

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ဥပဒေကို ကန့်ကွက်သပိတ်မှောက်ခဲ့သည့် အမျိုးသားပညာရေးလှုပ်ရှားမှုကြီး၏ အကျိုးကျေးဇူးကြောင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ခေါင်းဆောင်အများစုမှာ အမျိုးသားကောလိပ်ဆရာများ ဖြစ်လာခဲ့ကြသည်။ ထိုအချိန် ထိုအခါက ၁၀ တန်းအောင်လျှင် မြို့အုပ်ရာထူးဖြင့် လခငွေကျပ် ၂၀၀ ရခဲ့သည့်ခေတ်ဖြစ်ပြီး ကောလိပ်၊ တက္ကသိုလ်မှ ဘွဲ့ရသူဆိုလျှင် အထူးမျက်နှာပွင့်လန်းခဲ့ကြသည်။ သမီးရှင် မိဘဆွေမျိုးသားချင်းများက ရွှေငွေများဖြင့် တင်တောင်းခံကြရသည်။ သတို့သားလောင်း တက္ကသိုလ်ပညာတတ် မျိုးချစ်လူငယ်တို့မှာ ကိုယ်ကျိုးကို စွန့်လွှတ်ကာ အမျိုးသားကျောင်းများတွင် ကျောင်းဆရာတာဝန်ကိုပင် ဆက်ထမ်းဆောင်ခဲ့ကြသည်။

ထိုစဉ်က အမျိုးသားကျောင်းမှ ဆရာ ဆရာမတို့သည် လစာပုံမှန်မရခဲ့ကြသဖြင့် "ရေပတ်လည်ဝိုင်းလျက်ရှိသော ကုန်းမြေကို ကျွန်းဟုခေါ်ကြသည်။ ကြွေးပတ်လည် ဝိုင်းရံလျက်ရှိသောသူကို အမျိုးသားကျောင်းဆရာဟု ခေါ်သည်" ဟု ဆိုရိုးစကားတစ်ခု ပေါ်ပေါက်လာခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဆရာ ဆရာမတို့၏ စေတနာ၊ အနစ်နာ၊ ဝါသနာနှင့် ကျေးဇူးတရားကို မော်ကွန်းထိုးရမည်ဖြစ်ပါသည်။

သာဓကအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးဆုရ အမျိုးသားနိုင်ငံရေးခေါင်းဆောင် မျိုးချစ် စာဆိုကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းဆိုလျှင် သူရိယသတင်းစာတိုက် အယ်ဒီတာအလုပ်မှ နုတ်ထွက်ပြီး အမျိုးသားကောလိပ်တွင် အချိန်ပြည့်ပါမောက္ခတာဝန်ကို ထမ်းဆောင်ခဲ့သည်။ လစာ ငွေကျပ် ၂၀၀ ချီးမြှင့်ခဲ့ရာ ဆရာကြီးက ငွေကျပ် ၁၅၀ သာ လျှော့ယူပြီး ထိုငွေကျပ် ၁၅၀ မှာလည်း ပုံမှန်မဟုတ်သဖြင့် သားသမီး လေးယောက်ကြောင့် စားဝတ်နေရေး ကျပ်တည်းလှ၍ စာရေးရင်း ငွေရှာခဲ့ရသည်။ အခက်အခဲရှိတိုင်း အဝတ်အစားများကို အပေါင်ဆိုင်၌ ပေါင်ရလွန်းသဖြင့် နောက်ဆုံးတွင် ယောလုံချည်တစ်ထည်သာ ကျန်တော့သည်ဟု သိရသည်။

ဆရာကြီး ဦးဘချို(အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို) မှာလည်း မူလ ပညာအုပ်ရာထူးမှ နုတ်ထွက်ပြီး အမျိုးသားကောလိပ်တွင် အချိန်ပြည့်ဆရာ ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ရာ လစာပုံမှန်မရရှိသောကြောင့် မျက်နှာချေပေါင်ဒါ၊ ခေါင်းလိမ်းဆီ၊ ရေမွှေးများ ထုတ်လုပ်ရောင်းချပြီး ဝင်ငွေရှာခဲ့ရသည်။

**မြန်မာ့လွတ်လပ်ရေးမုခ်ဦးကို စတင်ဖွင့်လှစ်ခဲ့သည့် အောင်ပွဲကြီး**

"အင်္ဂလိပ်တို့သည် ဝါတာလူးစစ်ပွဲကြီးကို အီတန်ကျောင်း အားကစားကွင်းကြီးမှ အနိုင်ရရှိခဲ့သည်"ဟု ဆိုရိုးစကားရှိခဲ့သည်။ ထို့အတူ အမိမြန်မာပြည်ကြီး၏ လွတ်လပ်ရေးကိုလည်း အမျိုးသားကျောင်းများက အနိုင်ရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

အမျိုးသားပညာရေးလှုပ်ရှားမှုများသည် အမျိုးသားလွတ်မြောက်ရေးပင်ဖြစ်သည်။ အမျိုးသားပညာရေးဘဝတွင် အခြေခံပညာအဆင့်ရော အဆင့်မြင့်ပညာအဆင့်ပါ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော အသိပညာ၊ အတတ်ပညာ၊ ဝိဇ္ဇာသိပ္ပံပညာ၊ နည်းပညာ၊ ဆေးပညာ၊ စက်မှုပညာ၊ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာ၊ စီးပွားရေးပညာ၊ ဥပဒေပညာများဖြင့် နိုင်ငံ၏အခြေခံအဆောက်အအုံဖြစ်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ အလျှံပယ်ထုတ်လုပ်နိုင်ရေးတို့အတွက် ဦးဆောင်တာဝန်ယူကြမည့် အစိုးရအဖွဲ့များ၊ တတ်သိပညာရှင်များ၊ အရာထမ်း အမှုထမ်းများ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ ကျောင်းသူကျောင်းသားအားလုံး အမျိုးသားရေး ခံယူချက်၊ အမျိုးသားရေး ရပ်တည်ချက်၊ မှန်ကန်စွာဖြင့် ဝံသာနုရက္ခိတတရားကို လက်ကိုင်ထားကြကာ နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များသည် နိုင်ငံတော်တည်ဆောက်ရေး ကြေးမုံပြင်ပေါ်တွင် အစဉ်ပေါ်လွင်ထင်ဟပ်နေအောင် အမျိုးသားတို့ နိုးကြားစွာ ကြိုးစားဆောင်ရွက်သွားကြပါစို့ဟူ၍ အမိဌာန်ပြုကြရင်း (၁၀၁) နှစ်မြောက် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားနေ့အောင်ပွဲကြီးကို ဂုဏ်ပြုကြိုဆိုမှတ်တမ်းတင် ဖော်ပြအပ်ပါသည်။



ဗဟန်းရှိ အမျိုးသားကောလိပ်ကျောင်းမှ ဆရာအချို့နှင့် ကျောင်းသားအချို့။



၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သပိတ်မှောက်ကောင်စီဌာနချုပ်အဖြစ် အသုံးပြုခဲ့သော ဗဟန်းရှိ ဒေါ်ကြုပ်ဇရပ် အဆောက်အအုံ။

**အကိုးအထောက်**

၁။ အမျိုးသားနေ့နှင့် အမျိုးသားပညာရေးလှုပ်ရှားမှုသမိုင်းအကျဉ်း (အမျိုးသားနေ့ ရွှေရတုသဘင် အထူးထုတ်လမ်းစဉ်ပါတီ အနှစ်ချုပ်-၁၉၇၀ ပြည့်နှစ်)

၂။ Colonial Policy and Practice (J.S FURNIBALL, Cambridge University, London-1959)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသာထွန်းအောင် ၉/မရတ(နိုင်)၀၅၅၅၈၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာပါသည်-

ပူးတွဲဖော်ပြပါရှိသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ သဲ-ဂဲ-ဖြုန်း ရေစုပ်ပန့်အမျိုးမျိုး၊ အမြင့်တင်အထပ်ပန့်နှင့် လယ်ယာသုံးပန့်အမျိုးမျိုးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသာထွန်းအောင်က မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ကိုယ်တိုင်ထုတ်လုပ်၍လက်လီ၊ လက္ကားဖြန့်ဖြူးရောင်းချလျက်ရှိရာ၌ တစ်ဦးတည်းမူပိုင်အသုံးပြုရန်ရည်ရွယ်၍ မန္တလေးမြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ဌာနမှူးရုံး၌ မှတ်ပုံတင်ကြေညာစာတမ်းစာချုပ်အမှတ်(၂၃၀/၁၉၉၉) ဖြင့်ချုပ်ဆိုကြေညာ၍ မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအားတုပ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများကို ဈေးကွက်အတွင်း တွေ့မြင် ကြားသိနေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဦးသာထွန်းအောင်၏စာဖြင့် ကြိုတင်ရေးသားခွင့်ပြုချက်မရရှိဘဲ တုပရန်စေခိုင်းခြင်း၊ အတိအလင်းတုပခြင်း၊ ဆင်တူယိုးမှားတုပခြင်း၊ ဦးသာထွန်းအောင်၏ အကျိုးစီးပွားကို ထိခိုက်နစ်နာအောင် အခြားနည်းလမ်းတစ်ခုခုဖြင့် ပြုမူဆောင်ရွက်သူမည်သူ့ကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ခိုင်သူဇာလင်း** | **ဦးသိန်းသန်းဦး** | **ဦးထက်အောင်ကျော်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၉၂၈၆)** | **(စဉ်-၄၇၈၀၇)** | **(စဉ်-၄၈၆၉၈)** |

**ခိုင်သစ္စာ ဥပဒေဝန်ဆောင်မှု**
**၆၈လမ်း၊ ၂၉x၃၀လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၃၁၈၆၃၅၁၊ ၀၉-၂၅၉၂၂၀၃၄၅၊ ၀၉-၄၄၄၀၃၄၂၇၅**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၉ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၄

| | | |
|---|---|---|
| ဒေါက်တာသန်းသန်းကြည် | **နှင့်** | ၁။ ဦးတင်အောင်ကျော် |
| | | ၂။ ဒေါ်လတ်လတ်ကျော် |
| | | ၃။ ဦးမောင်မောင်စိန် |
| | | ၄။ ဦးကျော်မင်းနိုင် |
| | | ၅။ ဦးဝင်းမြင့် |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

၁။ ဦးတင်အောင်ကျော်(ဘ)ဦးကျော် MYGN-019072၊ ၂။ ဒေါ်လတ်လတ်ကျော်(ဘ) ဦးကျော် ၁၂/မရက(နိုင်)၁၁၂၆၈၄၊ ၃။ ဦးမောင်မောင်စိန်(ဘ)ဦးကျော်၊ MYGN-019073၊ ၄။ ဦးကျော်မင်းနိုင်(ဘ)ဦးကျော် ၁၂/မရက(နိုင်)၀၈၃၃၀၀၊ (ကိုယ်တိုင်နှင့် (၁၊ ၂၊ ၃)တို့၏ ကိုယ်စားလှယ်စာရသူ)၊ အမှတ်(၅၂)၊ ရန်ကုန်အင်းစိန်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါက်တာသန်းသန်းကြည်က ဤရုံးသို့ ၂၀၁၃ခုနှစ် တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေအရ အရေးယူပေးပါရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၂ရက်(၁၃၈၃ခုနှစ် နတ်တော်လပြည့်ကျော် ၄ရက်) နံနက် ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၁ခုနှစ် နိုဝင်ဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## မတည်ငွေရင်းလျှော့ချခြင်း

ကျွန်တော်များ Ja Sha It Co., Ltd ၏ အစုရှယ်ယာ မတည်ရင်းနှီးငွေအား မူလကျပ်သိန်း(၁၀၀၀)မှ ကျပ် သိန်း(၂၀၀)သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

Ja Sha It Co., Ltd

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ငွေပုလဲလမ်း၊ အမှတ်(၇၃၀) အလျားပေ၆၀x အနံ ၄၃ပေရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်၊ ရေ၊ မီးပါ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်သူ ဒေါ်ဇာဖြူဝင်း ၁၂/ဗဟန(နိုင်) ၀၁၅၇၇၉ထံမှ ဒေါ်မြလေးယဉ် ၉/တသန(နိုင်)၀၆၄၇၈၄ အမှတ်(၁၃)ရပ်ကွက်၊ သရဖီဝင်း၊ မြင်းခြံမြို့ နေထိုင်သူမှ ဝယ်ယူခဲ့ရာ အထက်ပါပိုင်ဆိုင်မှုအရပ်ရပ်၏ ရောင်းဝယ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြလေးယဉ်**
**၉/တသန(နိုင်)၀၆၄၇၈၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/1520 ယာဉ်လက်ဝယ်ရှိ ဦးအောင်သိန်း ၁၂/ကမန (နိုင်) ၀၂၀၉၄၇ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ဝေပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/1242 Nissan Diesel Tractor Head (6x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၉/နတလ(နိုင်)၀၉၆၄၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ်(၀၀-၄/၇၀)နေ ဒေါ်အိအိလင်း ၁၂/စခန(နိုင်) ၀၁၂၆၂၆၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ စက်ပစ်ကွင်းလမ်းရှိ မြေကွက်အမှတ်(အောင်ချမ်းသာတိုးချဲ့/၁၇၈၅)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးခင်မောင်ဝင်း(ဘ)ဦးအုံးရွှေအမည်ဖြင့် ချထားပေးသော မြေအမျိုးအစား(ပါမစ်)ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အေးအေးမော် ၉/မထလ(နိုင်)၁၇၀၀၄၈ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေတချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုပြ စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဇော်ဌေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၉၃၄၈)**
**လမ်း(၉၀)၊ ၄၂x၄၃လမ်းကြား၊ အကွက်(၄၀၆)၊**
**သပြေညွှန့်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၃၁၃၈၆၆၇**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ်(၂၄-၂၆)တွင် တည်ထောင်ဖွင့်လှစ်ထားသော PAUKAN INTERNATIONAL COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၉၈၅၅၉၃၄)အနေဖြင့် အောက်ဖော်ပြပါအမှတ်တံဆိပ်၏ မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်။ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်လည်းစာချုပ်အမှတ် -၄/၄၀၀၆ /၂၀၂၁ အနေဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်-

**(မှတ်ပုံတင်အမှတ်၊ ၄/၄၀၀၆/၂၀၂၁)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်ဖြင့် ပေါင်မုန့်၊ ကိတ်မုန့်၊ မုန့်အမျိုးအမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။ ယင်းကုန်အမှတ်တံဆိပ်အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူဘူး၊ ကတ္တူဘူး၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့အပေါ်တွင် အရွယ်အစားမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုပြုလုပ်ပြီးလျှင် ဖိနှိပ်၍ ကပ်နှိပ်၍ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ယင်းလုပ်ငန်းအမှတ်အသားကို မိမိမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲနေသည်များကိုတွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**PAUKAN INTERNATIONAL COMPANY LIMITED၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ပွင့်ဝါဦး(ခ)ပွင့်ဝါဖူး** | **ဒေါ်သိမ့်ဇာနည်အောင်** | **ဒေါ်ယဉ်မေသိမ်း(ခ)မြတ်စုရည်** |
| **LL.B** | **LL.B** | **LL.B, M.A(Business Law)** |
| **စဉ်-၅၁၇၃၇/၂၀၁၉** | **စဉ်-၄၈၂၂၈/၂၀၁၆** | **စဉ်-၁၃၀၁၉/၂၀၁၇** |
| **အထက်တန်းရှေ့နေများ** | | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၂/၄၆)၊ မဟာဗောဓိလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၈၆၁၀၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၉၂၄၈ လက်ဝယ်ရှိသူ ဒေါ်ချိုမာဝင်း ၁၀/မလမ (နိုင်) ၀၀၈၉၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၆၁၆၀၄ လက်ဝယ်ရှိသူ ဦးဇော်လင်း ၁၀/သဖရ (နိုင်) ၀၇၄၃၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/7137 Honda Airwave GJ2 S/W(4x4)R ယာဉ်လက်ဝယ်ရှိ အမည် ဒေါ်စိုးမိုးသူဇာ ၁၁/ရသတ (နိုင်) ၀၅၃၇၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/6478 Toyota Hilux Vigo PIU(4x4)R (open cab) ယာဉ်လက်ဝယ်ရှိ ဦးကျော်ဆန်းဝင်း ၅/ကလထ (နိုင်) ၁၂၁၈၅၁ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2L/4755 Tayota Alphard Anhlo Micro Bus (4x2)R အမည်ပေါက်သူ ဦးအောင်ခန့်ဖြိုး ၇/ရကန(နိုင်)၀၅၂၈၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူမြို့နယ်၊ ဆိတ္တဝအုပ်စု ဇီးကုန်းကျေးရွာမှ မောင်လင်းထက်အောင် B.A (Geog;) ၈/ပခက(နိုင်)၂၆၈၁၁၁ ၏ ဖခင် ဦးလှဝင်း(ခ)ဦးဝင်းဦး ၈/ပခက(နိုင်) ၁၁၃၉၆၀သည်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလှဝင်း(ခ)ဦးဝင်းဦး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ညောင်ဦးမြို့နယ်၊ သန့်စင်ကြယ်ကျေးရွာနေ ဦးကျော်ကျော်ဦး-ဒေါ်မာမာမြင့်တို့၏သား မောင်တင်ကိုဦး ၉/ညဥန(နိုင်)၁၆၄၅၁၀ သည် မိဘတို့ကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ဦး-ဒေါ်မာမာမြင့်**

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့နေ ကျွန်မ ဒေါ်ချိုချိုဝင်း (ဘ)ဦးပါကြီး ၁၂/သဃက(နိုင်)၁၂၀၄၁၄ သည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၏ ၁၈-၂-၂၀၂၁ ရက်စွဲပါ ခွင့်ပြုချက်အမှတ် (၁၂၃၀) အရောင်းပြခန်းမှ မော်တော်ယာဉ် ဝယ်ယူခွင့်ပြုသည့် အကြောင်းကြားစာ (မူရင်း)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၀၄၀၇၁**

## အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေ ပုသိမ်မြို့နယ်နေသူ ဒေါ်သင်းသင်းကြူ ၁၄/ပသန (နိုင်) ၁၃၀၅၀၆မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၎င်း၏သမီးဖြစ်သူ မချိုချယ်ရီမြင့် ၁၄/ပသန(နိုင်)၁၈၃၈၅၅သည် မိခင်၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယခုကြော်ငြာသည့်ရက်မှစတင်၍ အမွေစား၊ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်သင်းသင်းကြူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(ADVOCATE)**
**စဉ်-၃၆၈၀/၁၉၈၆**
**ရှေ့နေများနားနေခန်း၊ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်ရုံးဝင်း၊ ပုသိမ်မြို့၊**
**ဖုန်း-၀၉-၂၆၃၇၅၀၆၇၈၊ ၀၉-၇၈၀၈၁၃၆၂၂၊ ၀၄၂-၂၂၃၀၇**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ မြဥ္ဇူလမ်းနေ ဒေါ်တင်ဝင်း ၁၂/ လမန(နိုင်) ၀၄၄၈၂၀၏သမီး မပန်းအိလှိုင် (ခ)အိရွှေစင် ၁၂/လမန(နိုင်)၁၄၆၇၄၄နှင့် မပန်းအိခိုင် ၁၂/လမန(နိုင်)၁၄၆၇၄၃သည် မိဘနှင့် သဘောထားကိုက်ညီမှုမရှိသော ကိစ္စများ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးနှစ်ယောက်အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ဝင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ-၃၆၇၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် GG/2592၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**
**သန်လျင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းအောင် ၁၂/ဥကမ (နိုင်) ၁၀၉၂၃၀ ကိုင်ဆောင်သည့် Releace Order Notification (RON) Declaration No.100177445434 (11-7-2021)သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးထွန်းအောင်**
**၁၂/ဥကမ(နိုင်)၁၀၉၂၃၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၀)၊ မြေကွက်အမှတ်(၁၅၇၈/ခ)၊ မြေကွက်တည်နေရာ အမှတ်(၁၅၇၈/ခ)၊ မောင်းမကန်လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အမည်ပေါက် ဦးအောင်နိုင်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်များအရ ဦးကျော်မင်းထံမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး၊ ကန့်ကွက်လိုပါက ကျွန်တော့်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ ပါမစ်မူရင်းတင်ပြပြီးကန့်ကွက်နိုင်ပါကြောင်း၊ ယခုသတင်းစာပါပြီး(၁၄)ရက်အတွင်း ကန့်ကွက်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုအောင်မြတ်သူ**
**ဖုန်း-၀၉-၈၇၄၈၈၇၁၇၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ၁၅၃လမ်း၊ တိုက်အမှတ်(၄၁)၊ ၄လွှာ(B)တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နုနုအေး ၁၂/သလန(နိုင်)၀၁၇၄၇၈ထံမှ ဒေါ်စန်းစန်းတိုးမြင့် ၁၀/မလမ(နိုင်)၀၂၅၈၄၇က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဒေါ်စန်းစန်းမြင့်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းတိုးမြင့်**
**အမှတ်(၅၀)၊ ၅လွှာ(B)၊ ၁၅၇လမ်း၊ တာမွေ**
**ဖုန်း-၀၉-၅၄၀၅၁၆၅**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးနိုင်လင်း ၈/မဘန (နိုင်) ၁၁၄၇၉၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးမူ ၈/မဘန (နိုင်) ၁၅၀၄၉၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 7L/2502 Mitsubishi Canter Truck နန်းခမ်းယုန်း၁၃/ကတန (နိုင်) ၁၁၀၆၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ဝေပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ တစ်လအတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ပတ်စ်ပို့ပျောက်

ကျွန်မ မရွှေရွှေ ၈/မဘန (နိုင်) ၁၇၈၅၃၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မနှင်းဝေနိုင် ၈/မကန (နိုင်) ၂၆၇၁၇၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---


ယနေ့ သ တင်း အ ညွှန်း

အမရပူရမြို့နယ်နှင့် မြစ်ငယ်တိုးဂိတ်အနီး၌ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်၍ လုယက်မှုကျူးလွန်ခဲ့သော တရားခံများ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ စာ - ၁၂

ဒေသခံပြည်သူတို့၏ သတင်းပေးချက်အရ လှိုင်ကော်မြို့နောင်ယား(ခ)ရပ်ကွက် ခရစ်တော်ဘုရင် ဗဟိုဘုရားရှိခိုးကျောင်း၌ တရားမဝင်ဆေးကုသသူများ ဖမ်းဆီးရမိ စာ - ၁၃

သူ့ကျွန်အဖြစ် နှံ့နစ်မခံ အကြမ်းမဖက် လူထုနည်းဖြင့် အနိုင်ရရှိခဲ့သော အမျိုးသားနေ့အောင်ပွဲကြီး စာ - ၂၀

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ စာ - ၁၈


---

## အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် မြို့နယ် ၁၀ မြို့နယ်ရှိ ဈေး ၁၀ ခုမှ ဈေးဆိုင်ခန်းများ ပျက်စီးဆုံးရှုံးခဲ့ရ



၁-၆-၂၀၂၂ ရက်တွင် ကန်ကြီးထောင့်မြို့၌ မြို့မဈေးအား မီးရှို့ခံရမှု။

နေပြည်တော် နိုဝင်ဘာ ၂၃

CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများနှင့် ဈေးများအား မီးရှို့ဖျက်ဆီးခြင်းနှင့်

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖

---

## နမ့်ဆန်မြို့နယ် မန်မိုင်မုန်းကွမ်းကျေးရွာရှိ နေအိမ်အတွင်းမှ သေနတ် အလက် ၅၀၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ



နေပြည်တော် နိုဝင်ဘာ ၂၃

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများ မရှိစေရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မန်မိုင်မုန်းကွမ်းကျေးရွာအတွင်း မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများရှိ *စာမျက်နှာ ၁၁ ကော်လံ ၁* ❂

နမ့်ဆန်တွင် သိမ်းဆည်းရမိခဲ့သည့် 7.62 mm Assault Rifle Type-56 လက်နက် ၃၅ လက်။

---

### မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ပွဲစဉ်ဇယား ထွက်ပေါ်

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ပွဲစဉ်ဇယား ထွက်ပေါ်လာပြီဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ *စာမျက်နှာ ၂၂ ကော်လံ ၅* ❍

---

### လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၃

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ